



စိတ်ကူးချိုချိုအနုပညာ

# သဘာဝနှင့် ပတ်သက်သည့် ခက်ရာခက်ဆစ်များ

## ရွှေဥဒေါင်း

လုပ်သားသတင်းစာမှ ပြန်လည်စုဆောင်းထားသော ဆွေးနွေးခန်းများ

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

သဘာဝနှင့်ပတ်သက်သည့်ခက်ရာခက်ဆစ်များ
ရွှေဥဒေါင်း

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၆၆၆ ၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၆၀၇ ၀၅၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံး ဓာတ်ပုံ | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခံဖလင် | - | အောင်ဇေကာ် |
| စာအုပ်ချုပ် | - | ကိုမြင့် |

၀၀၀·၀၄
ရွှေဥဒေါင်း
သဘာဝနှင့်ပတ်သက်သည့်ခက်ရာခက်ဆစ်များ/
ရွှေဥဒေါင်း ။ ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊
စာမျက်နှာ ၂၄၀ မျက်နှာ၊
၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) သဘာဝနှင့်ပတ်သက်သည့်ခက်ရာခက်ဆစ်များ

၂၀၁၁၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၀၀၀ ကျပ်

ကျေးဇူးမှတ်တမ်း
ဆရာကိုဇော်လင်း

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဆွေးနွေးခန်း (၁)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (က) .... ၉

၂။ ဆွေးနွေးခန်း (၂)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ခ) .... ၁၉

၃။ ဆွေးနွေးခန်း (၃)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဂ) .... ၂၉

၄။ ဆွေးနွေးခန်း (၄)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဃ) .... ၃၉

၅။ ဆွေးနွေးခန်း (၅)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (င) .... ၄၉

၆။ ဆွေးနွေးခန်း (၆)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (စ) .... ၆၉

၇။ ဆွေးနွေးခန်း (၇)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဆ) .... ၇၉

၈။ ဆွေးနွေးခန်း (၈)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဇ) .... ၈၁

၉။ ဆွေးနွေးခန်း (၉)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဈ) .... ၉၁

၁၀။ ဆွေးနွေးခန်း (၁၀)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ည) .... ၁၀၁


mgyoe.com

mgyoe.com


၁၁။ ဆွေးနွေးခန်း (၁၁)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ ( င) .... ၁၁၁

၁၂။ ဆွေးနွေးခန်း (၁၂)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဌ) .... ၁၁၉

၁၃။ ဆွေးနွေးခန်း (၁၃)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဍ) .... ၁၂၉

၁၄။ ဆွေးနွေးခန်း (၁၄)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဎ) .... ၁၃၉

၁၅။ ဆွေးနွေးခန်း (၁၅)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဏ) .... ၁၄၉

၁၆။ ဆွေးနွေးခန်း (၁၆)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (တ) .... ၁၅၉

၁၇။ ဆွေးနွေးခန်း (၁၇)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ထ) .... ၁၆၉

၁၈။ ဆွေးနွေးခန်း (၁၈)
အဂ္ဂမဟာပဏ္ဍိတဆရာတော်တစ်ပါးနှင့် ဆွေးနွေးပုံ .... ၁၇၉

၁၉။ ဆွေးနွေးခန်း (၁၉)
အဂ္ဂမဟာပဏ္ဍိတဆရာတော်တစ်ပါးနှင့် ဆွေးနွေးပုံ .... ၁၈၉

၂၀။ ဆွေးနွေးခန်း (၂၀)
သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (န) .... ၁၉၉

၂၁။ ဆွေးနွေးခန်း (၂၁)
လက်တွေ့စမ်းသပ်လေ့လာတွေ့ရှိသမျှ .... ၂၀၉

၂၂။ ဆွေးနွေးခန်း (၂၂)
စိတ်သဘာဝအကြောင်း လက်တွေ့စမ်းသပ်လေ့လာတွေ့ရှိရသမျှ .... ၂၁၇

၂၃။ ဆွေးနွေးခန်း (၂၃)
ရှက်သင့်မရှက်သင့် အဆုံးအဖြတ် .... ၂၃၅


mgyoe.com

mgyoe.com

ဆွေးနွေးချက်များသည် ဆရာကြီး ရွှေဥဒေါင်းနှင့် သူ၏ မိတ်ဆွေ ပင်စင်စားတစ်ဦးတို့ ဆွေးနွေးချက်များ ဖြစ်ပါသည်။ ယင်းဆွေးနွေးချက်များကို ဆရာကြီး ရွှေဥဒေါင်း လုပ်သား ပြည်သူ့နေ့စဉ် သတင်းစာ၌ အယ်ဒီတာချုပ်အဖြစ် တာဝန် ယူခဲ့စဉ်က ယင်းသတင်းစာ၌ ရေးသားခဲ့သည့် ဆောင်းပါးများ ဖြစ်ပါသည်။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စိတ်သဘာဝအကြောင်း

## ဆွေးနွေးခန်း (၁)
## သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (က)

**ကျွန်ပ်။** ။ ရောက်လာကြပြီလားဟေ့ တက်တိုးတို့။

**တက်။** ။ ရောက်လာကြပါပြီ ဆရာကြီး၊ မေးစရာ ကိုယ်စီနဲ့ပါပဲ ခင်ဗျာ။

**နပ်။** ။ ကောင်းတယ်ဟေ့၊ သို့သော် မောင်တို့ မမေးခင် ဆရာ့ စိတ်ကူး ကလေး တစ်ခု ပေါ်နေလို့ ပြောစမ်းပါရစေဦး မောင်တို့။

**တိုး။** ။ ပြောပါ ဆရာကြီး။

**နပ်။** ။ လူတွေဟာ ဒုက္ခရောက်တော့သာ ညည်းတတ်ကြတယ်၊ ဒုက္ခကို ကြိုက်တတ်လို့ တမင် ကြိုဆိုတဲ့ လူကလည်း တော်တော်များတယ် မောင်တို့ရေ့ တွေ့ဖူးကြသလား။

**တက်။** ။ တွေ့ဖူးပါတယ် ဆရာကြီး၊ လက်ဖွေ့သတ်တဲ့လူတို့၊ အဆော အပန်း ခံပြီး ပြေးတဲ့လူတို့၊ အလေးမတဲ့ လူတို့ ပြည့်လို့ပါပဲ ဆရာကြီးရယ်။

mgyoe.com

mgyoe.com

နုပ်။ ။ ဟုတ်တော့ ဟုတ်ပါတယ်၊ သို့သော် ဒါမျိုးတွေကတော့ ကာယဗလအတွက် အလေ့အကျင့် ပြုလုပ်ကြခြင်းဖြစ်လို့မို့ လူငယ်များအတွက် လုပ်ထိုက်တဲ့ အလုပ်မျိုးတွေ ဖြစ်ပါတယ်မောင်။

တိုး။ ။ ဒါဖြင့် ဒိပြင်ဘာများ ရှိသေးသလဲ ဆရာကြီးရယ်။

နုပ်။ ။ စိတ်ဆိုးတယ်ဆိုတာ အရသာရှိသလား မောင်။

တက်။ ။ ဘယ်ရှိမလဲဆရာကြီး။

နုပ်။ ။ မုန်းတယ်ဆိုတာကော အရသာရှိသလားမောင်။

တိုး။ ။ ဆင်းရဲတာပါပဲ ဆရာကြီး။

နုပ်။ ။ စိတ်ဆိုးခြင်းက ခေတ္တ အလုပ်ဖြစ်နိုင်တယ်။ နောက်တော့ မုန်းကျန်ရစ်တယ် ဟုတ်လား။

တက်။ ။ ဟုတ်ပါတယ် ခင်ဗျား။

နုပ်။ ။ သို့ဖြစ်ပါလျက်နဲ့တောင် လူတွေဟာ စိတ်ဆိုးရမှာကို ကြိုက်တယ်။ မုန်းတီးရမှာကို သဘောကျကြတယ် မောင်ရေ။

တိုး။ ။ ဟုတ်ပါ့မလား ဆရာကြီးရယ်၊ မလွှဲမရှောင်သာလို့သာ စိတ်ဆိုးရတယ်။ ဘယ်သူက စိတ်ဆိုးချင်မလဲ ဆရာကြီးရယ်။

တက်။ ။ မုန်းတာလည်း အတူတူပါပဲ။ မလွှဲမရှောင်သာလို့ မတတ်နိုင်လို့သာ မုန်းရပါတယ်။ မမုန်းချင်ပါဘူး ဆရာကြီးရယ်။

နုပ်။ ။ မောင်တို့စကားကို အမှတ်တမဲ့ နားထောင်လိုက်တော့ ဟုတ်သယောင်ယောင်ပေါ့။ စစ်ကြည့်တော့ မဟုတ်တတ်ဘူး မောင်တို့ရေ။

တိုး။ ။ ဆန်းလှချေတကား ဆရာကြီး။ ရှင်းစမ်းပါဦး ခင်ဗျာ။

နုပ်။ ။ မောင်တို့တွေ့ဖူးကြုံဖူးပါလိမ့်မယ်။ မိတ်ဆွေအချင်းချင်း ဖြစ်တတ်တာမျိုးပဲ။

mgyoe.com

mgyoe.com

**တက်။** ။ ဘယ်လိုလဲ ဆရာကြီးရယ်။

**နုပ်။** ။ မောင်ဘနဲ့ မောင်မြ သူငယ်ချင်း စကားများကြတယ်။ သည့်နောက် ရန်ဖြစ်ကြတယ်ဆိုပါတော့။ စပ်ကြားလူများက မောင်ဘ မှန်ပါတယ်။ မောင်မြ မှားပါတယ်လို့ ဖျန်ဖြေပြောကြတယ်။ သို့သော်လည်း မကျေနပ်ကြဘူး။ မှန်တဲ့လူ မောင်ဘကလည်း မှန်လျက်သားနဲ့ သူငယ်ချင်းက အထင်လွဲခံရလေခြင်းဆိုပြီး မကျေနပ်ဘူး။ မောင်မြကလည်း စပ်ကြားလူတွေဟာ မောင်ဘဘက်ကို လိုက်ပြီး ပြောနေကြတယ်ဆိုပြီး စပ်ကြားလူတွေကိုတောင် စိတ်ဆိုးသေးတယ်။ ခက်ဘူးလားမောင်။

**တိုး။** ။ မောင်မြက အထင်မှားနေတာကိုး ဆရာကြီးရယ်။

**နုပ်။** ။ အကယ်၍ မောင်မြသည် စိတ်ငြိမ်းချမ်းမှုကို လိုလားသူတစ်ယောက်ဖြစ်ခဲ့ပါလျှင် စပ်ကြားလူတွေ ပြောစကားကို လက်ခံလိုက်ပါက မိမိမှာ ဂုဏ်ငယ်စရာလည်း မရှိဘူး။ လူတွေကလည်း ချီးမွမ်းဦးမယ်။ သူ့အဖို့လည်း စိတ်ငြိမ်းချမ်းမှု ရသွားနိုင်တယ် မဟုတ်ဘူးလား မောင်တို့ရယ်။

**တက်။** ။ ဟုတ်တာပေါ့ ဆရာကြီး။ မောင်ဘလည်း ကောင်း၊ မောင်မြလည်း ကောင်း၊ ဖျန်ဖြေသူတွေလည်း ကောင်း၊ အားလုံးကောင်းပြီး၊ အားလုံး ငြိမ်းချမ်းဖို့ရှိတာပေါ့ဆရာကြီး။

**နုပ်။** ။ အခုတော့ မောင်မြမှာ သည်စိတ်မျိုး မဖြစ်ပေါ်လာဘဲ မောင်ဘကိုရော လူတွေကိုရော ရန်တွေ့ပြီး ပွစိပွစိဖြစ်နေတယ် ဆိုလျှင် မောင်တို့ ဘယ်လိုပြောမလဲ။

**တိုး။** ။ မောင်မြဟာ စိတ်ငြိမ်းချမ်းမှုကို မလိုလားဘဲ ရန်ဖြစ်ရခြင်းကို ကြိုက်တတ်သူ တစ်ယောက်ဖြစ်တာပေါ့ ဆရာကြီး။

**တက်။** ။ ဘယ်သူဟာ ဘာပြောပြော သူ့ဟာမှ သူ မှန်ချင်တတ်တဲ့လူ တစ်ယောက်ဖြစ်တာပေါ့ ဆရာကြီး။

mgyoe.com

mgyoe.com

နုပ်။ ။ ရှေ့လျှောက်ပြီး အကျိုးဆက်တွေ ရှိသေးမောင်။

တိုး။ ။ ဘယ်လိုလဲဆရာကြီး။

နုပ်။ ။ စကားများရာမှ နေပြီး မုန်းတီးစိတ်တွေ ဝင်လာကြလို့ တစ်လျှောက်လုံး နှစ်ဖက်လုံး စိတ်ငြိမ်းချမ်းမှု မရကြဘဲ ဖြစ်သွားပါရောမောင်။

တက်။ ။ သည်တော့ ကောက်နုတ်ချက်က ဘယ်လိုလဲ ဆရာကြီး။

နုပ်။ ။ လူသတ္တဝါသည် ငြိမ်းချမ်းခြင်းကို လိုချင်ပါတယ်လို့ ပါးစပ်က ပြောကြသော်လည်း၊ ရန်ပြေငြိမ်းမည့် နည်းလမ်းကို ထောက်ပြသူက ပြပါလျက် လက်မခံဘဲ ဇွတ်မှိတ်ပြီး ရန်ဖြစ်ကြ၊ မုန်းတီးကြ၊ မသင့်မတင့် ဖြစ်ချင်တဲ့ သတ္တဝါမျိုးပဲ မောင်တို့ရေ။

တိုး။ ။ ဆရာကြီးက စိတ်သမားမို့ မေးရဦးမယ်။ ဒါဟာ ဘာစိတ်လဲ ဆရာကြီး။

နုပ်။ ။ မာနဆိုရမှာပေါ့ မောင်ရယ်။ မာနတို့မည်သည် မိမိ၏ အကျိုး ပျက်စီးချင်ပျက်စီးစေ။ ဇွတ်မှိတ်ပြီး လုပ်တတ်တဲ့ သဘောရှိတယ် မောင်။

တက်။ ။ တစ်လောကလုံး သည်လို လူချည်းပဲလား ဆရာကြီး။

နုပ်။ ။ သင့်မြတ်နေတဲ့ အခိုက်အတန့်လေးပဲ သက်သာရာ ရကြတယ်။ မသင့်မြတ်သည်နှင့် တစ်ပြိုင်နက် သည်စိတ် ဝင်လာတော့တာပဲ။ တစ်ယောက်နဲ့ တစ်ယောက် မသင့်မြတ် ဖြစ်နေတတ်တဲ့လူဟာ ငြိမ်းချမ်းခြင်းရယ်လို့ သူ့မှာ မရနိုင်တော့ဘူး မောင်တို့ရေ။

တိုး။ ။ မသင့်မြတ်ခြင်း၏ အကြောင်းရင်းက ဘာလဲ ဆရာကြီး။

နုပ်။ ။ ဗုဒ္ဓကတော့ မနာလိုဝန်တိုခြင်း (ဣဿာ မစ္ဆရိယ)လို့ ဟောတော်မူတာပဲ မောင်။

တက်။ ။ ဒါဟာ လူအချင်းချင်း အတွက်လား။ အစိုးရအချင်းချင်း အတွက်လား ခင်ဗျာ။

mgyoe.com

mgyoe.com


နုပ်။ ။ နှစ်မျိုးလုံးနဲ့ ဆိုင်ပါတယ်။ လူအချင်းချင်းတော့ စိတ်မောရတယ်။ အစိုးရအချင်းချင်းဖြစ်လျှင်တော့ စစ်ဖြစ်မှာ အမြဲတမ်းကြောက်နေရတော့တာပေါ့မောင်။

တိုး။ ။ တချို့ဝါဒက အမြဲတမ်း ပွတ်တိုက် ယှဉ်ပြိုင်နေမှ တိုးတက်တယ် ဆိုပါကလား ဆရာကြီး။

နုပ်။ ။ စီးပွားရေးဘက် သက်သက်ကြည့်လျှင်တော့ ဟုတ်ပါတယ်။ သို့သော်လည်း စိတ်ပင်ပန်းပြီး ပွတ်တိုက်လို့ ပြတ်သတ်ကုန်မှာကိုလည်း စိုးရိမ်ရတယ် မောင်ရဲ့။

တက်။ ။ ဆရာကြီးကတော့ မကြီးပွားချင်ဘူးလားခင်ဗျား။

နုပ်။ ။ လုံ့လကိုတော့ မလျှော့ရဘူးပေါ့ မောင်ရယ်။ သို့သော် ခုနင်က ဆရာ ပြောခဲ့သလို "ရန်လို"တဲ့ မုန်းတီးရေးစိတ်မျိုးကို လူတိုင်း သတိထားလျှင် စိတ်သက်သာရာ ရနိုင်ပါတယ်။

တိုး။ ။ လူတစ်ယောက်စီ အနေနဲ့ အုပ်စုအနေနဲ့ ဘယ်သင်းက ပိုလောဘ ကြီးသလဲ ဆရာကြီး။

နုပ်။ ။ အုပ်စုဆိုတာ အစိုးရမဟုတ်လား။ အစိုးရဆိုတဲ့အခါကျတော့ အရေအတွက် အင်အားကြီးမားလာလေတော့ ပိုပြီး လောဘကြီးလာတာပေါ့ မောင်။

တက်။ ။ လူအသီးသီးပဲ လောဘကြီးလာသလား ဆရာကြီး။

နုပ်။ ။ အမှန်ကတော့ ခေါင်းဆောင်ပိုင်းက လောဘကြီးလာခြင်းပါ မောင်။ ပြည်သူအနေနဲ့တော့ ဟိုပြည် သည်ပြည် အပေါ်မှာ လွှမ်းမိုးချင်လောက်အောင် လောဘကြီးတဲ့လူ နည်းပါလိမ့်မယ်။ ဒါကြောင့် ဆရာက လောဘမကြီးနိုင်အောင် သူတို့ အထက်က အုပ်ချုပ်ရေးကြိုးကိုင်မယ့် ကမ္ဘာ့အစိုးရ အဖွဲ့ကြီးမျိုး ပေါ်လာဖို့ အမြဲ ဆုတောင်းနေခြင်းပါ မောင်တို့။

mgyoe.com

mgyoe.com


တိုး။ ။ မှာ့က်ဆစ်စီးပွားရေးကို ဆရာကြီး ဟိုတုန်းက ထောက်ခံဖူးပြီး အခုတော့ ဘာကြောင့် တွန့်သွားသလဲဗျာ။

နုပ်။ ။ သူတို့ပြည်မှာ အဖြစ်အပျက်တွေကို မြင်ရကြားရလေတော့ ဆရာက တစ်မျိုးသဘောပေါက်လာတယ် မောင်ရေ။

တက်။ ။ ဘယ်လိုလဲ ဆရာကြီး။

နုပ်။ ။ မှာ့က်ဆစ် စီးပွားရေးစနစ်ဟာ မီးလိုပဲမောင်ရေ။ အသုံးချတတ်လျှင် အကျိုးများတယ်။ အသုံးမချတတ်လျှင် လောင်တတ်တယ် မောင်။

တိုး။ ။ ရှင်းပါဦး ဆရာကြီး။

နုပ်။ ။ ရုရှားပြည်တို့၊ တရုတ်ပြည်တို့မှာ သည်စနစ်နဲ့ တက်လာကြတာ မောင်တို့ တွေ့ရတယ် ဟုတ်လား။ ကြီးပွားလာတဲ့အခါကျတော့ ကမ္ဘာကို ဆိုရှယ်လစ်ကမ္ဘာ ဖြစ်အောင် လုပ်ချင်တဲ့ လောဘဇောတွေ ဝင်လာတယ်။

တက်။ ။ ဆိုရှယ်လစ် ကမ္ဘာကြီး ဖြစ်သွားလျှင် မကောင်းဘူးလား ဆရာကြီး။

နုပ်။ ။ မထင်ကြပါနဲ့။ ဖြစ်လည်း မဖြစ်နိုင်ပါဘူး။ ဖြစ်အောင် အတင်းလုပ်ယူလို့လည်း မကောင်းပါဘူး။ ဖြစ်တော့လည်း ဗိုလ် လုကြဦးမှာပါပဲ။

တိုး။ ။ ဖြစ်လျှင်ဘာကြောင့် မကောင်းသလဲ ဆရာကြီးရယ်။

နုပ်။ ။ ဘုရားမရှိ၊ တရားမရှိ၊ နိဂ္ဂါတ မင်္ဂလာ မရှိတဲ့ လောကကြီးမျိုးဟာ မကောင်းနိုင်ပါဘူးမောင်။

တက်။ ။ အရင်းရှင်လောကကြီးလို စီးပွားရေးအတွက် အလုအယက် မရှာကြရဘဲ ကိုယ်စီကိုယ်င အလုပ်ရနေကြလျှင် ကောင်းသော ကမ္ဘာကြီးဖြစ်လာမယ် မဟုတ်လား ဆရာကြီးရယ်။

mgyoe.com

mgyoe.com


နုပ်။ ။ ဆရာ့အမြင်ကတော့ နိဗ္ဗာန်မရှိ၊ မေတ္တာတရား ရှေ့ထားသူ မရှိလျှင် ကမ္ဘာဟာ တိုးတက်တယ်လို့ မခေါ်နိုင်ဘူး မောင်။

တိုး။ ။ အရင်းရှင်နဲ့ ကွန်မြူနစ်နဲ့ ဘယ်သူက အလျင်စပြီး မြန်းကြတာလဲ ဆရာကြီး။

နုပ်။ ။ ကွန်မြူနစ် မပေါ်မီက အရင်းရှင်ကမ္ဘာကြီးဟာ ဒေါသထက်၊ လောဘ ပိုခဲ့ပါတယ်။ လိုချင်လို့ တိုက်ယူပြီး၊ နယ်ချဲ့ကြတာပါပဲ။ ကွန်မြူနစ် ပေါ်လာတော့ အရင်းရှင် လူတန်းစားကို မုန်းတီးအောင် ကွန်မြူနစ်က ဆွဲဆောင်တယ်။ သည်အခါမှာ အရင်းရှင်များက မိမိတို့ စည်းစိမ်ပြုတ်အောင် လုပ်မည့်သူ တွေပဲဆိုပြီး ကွန်မြူနစ်ကို မုန်းတီးတယ်။ ပြုတ်အောင်ဖြုတ်ဖို့ ကြိုးစားတယ်။

တက်။ ။ သည်လိုဆိုလျှင် မုန်းတီးအောင် သင်ပေးတာက ကွန်မြူနစ်၊ မုန်းတီးနှင့်သူက အရင်းရှင် ဖြစ်တာပေါ့ ဆရာကြီး။

နုပ်။ ။ လာမည့် အန္တရာယ်ကို ဖြိုရမယ်ဆိုပြီး အရင်းရှင်က အလျင်မုန်းတီးရာ ရောက်ပါတယ်။ သည်ကတည်းကစပြီး လောကကြီး တစ်ခုလုံးဟာ ဒေါသဘက်က ခွန်အားကြီးပြီး ကြမ်းတမ်းတဲ့ စိတ်မျိုးတွေ တိုးပွားလာကြပါတယ်။

တိုး။ ။ ဟိုးရှေးက မုန်းတာထက် ဆိုးလာသလား။

နုပ်။ ။ စိတ်တွေ ကြမ်းတမ်းလာခြင်းကို တစ်ကမ္ဘာလုံးမှာ မောင်တို့ မြင်ကြရတယ် ဟုတ်လား။

တက်။ ။ စိတ်သိမ်မွေ့ဖို့ရာ ဘယ်သူက ဟောသလဲ ဆရာကြီး။

နုပ်။ ။ ဂေါတမ ဗုဒ္ဓလည်း ဟောတယ်။ ခရစ်တော်ကလည်း ဟောပါတယ်။

တိုး။ ။ အတူတူပဲလား ဆရာကြီး။

နုပ်။ ။ လောဘ၊ ဒေါသကို အမြစ်ပါ ပြုတ်အောင်ကတော့ ဂေါတမ ဗုဒ္ဓရဲ့ နည်းသာရှိပါတယ်။ တခြား နည်းများက လျော့ပါးရုံသာ တတ်နိုင်ကြပါတယ်။ အမြစ် မပြုတ်နိုင်ပါဘူး။

mgyoe.com

mgyoe.com

တက်။ ။ ကမ္ဘာသားတွေအားလုံး လောဘ၊ ဒေါသ အမြစ်ပြတ်အောင် တတ်နိုင်ပါ့မလား ခင်ဗျာ။

နုပ်။ ။ အားလုံးအဖို့တော့ မတတ်နိုင်ဘူးပေါ့မောင်။ ပါရမီ ရင့်ကျက်သူ အနည်းငယ်မျှလောက်အတွက်သာ ဖြစ်နိုင်ပါတယ်။

တိုး။ ။ အချုပ်ကလေးလောက် ပြောပြစမ်းပါ ဆရာကြီး။

နုပ်။ ။ ဒေါသဆိုတာဟာ ဖြစ်စရာအကြောင်းရှိလျှင် ဖြစ်ရမှာပဲလို့ လူတိုင်းဝန်ခံရပေမယ်။ သို့သော် ဒေါသဖြစ်ခြင်းဟာ ကောင်းတယ်။ ဒေါသ ဖြစ်အောင် ကိုယ့်ဟာကိုယ် နှိုးဆွပေးထိုက်တယ်။ သူတစ်ပါး ကိုလည်း တိုက်တွန်းပေးထိုက်တယ်ဆိုတဲ့ အယူဝါဒမျိုးကတော့ ကောင်းလှလျှင် ခဏတစ်ဖြုတ်ရှိမှာပဲ။ ကြာရှည်သဖြင့် ဒေါသကို မွေးထားရတဲ့ အလေ့အကျင့်မျိုးကတော့ ပုဂ္ဂိုလ်အနေနှင့်ဖြစ်စေ၊ တိုင်းပြည်အနေနှင့်ဖြစ်စေ မကောင်းနိုင်ဘူးလို့ ဆရာ ယုံကြည်တယ် မောင်။

တက်။ ။ ဒေါသကို ပယ်ရမယ်လား ဆရာကြီး။

နုပ်။ ။ ပယ်ဖို့ မပြောပါဘူး။ မကောင်းဘူးလို့ သိထားလျှင် တော်ပါပြီ။

တိုး။ ။ သိရုံသိပြီး မပယ်တော့ ဘာအကျိုးရှိသလဲ ဆရာကြီးရယ်။

နုပ်။ ။ မကောင်းမှန်း သိထားလျှင် ကောင်းတယ်ထင်ပြီး ဖက်ထားတဲ့လူ၊ မွေးထားတဲ့လူ၊ အသားယူနေတဲ့ လူများထက်တော့ မျှော်လင့်စရာ ရှိတယ်မောင်ရေ။

တက်။ ။ ဘာကို မျှော်လင့်ရတာလဲ ဆရာကြီး။

နုပ်။ ။ ဗုဒ္ဓဝါဒအရ တက်လမ်းရှိတဲ့ လူတစ်ယောက်ပေါ့ မောင်။

တိုး။ ။ ဘယ်ထိအောင် တက်ရမှာလဲ ဆရာကြီး။

နုပ်။ ။ ပုဂ္ဂလိက ငြိမ်းချမ်းရေး ပန်းတိုင်ပေါ့ မောင်။

တက်။ ။ ငြိမ်းချမ်းရေးကို မလိုချင်တဲ့ လူအဖို့ကော ဆရာကြီး။

mgyoe.com

နုပ်။ ။ ဗီယက်နမ်ကိစ္စလေး အတွက်တောင် ငြိမ်းချမ်းအောင် ဆွေးစပ်ဖို့ လူတွေ ကြိုးစားနေကြတယ်ဟုတ်လား မောင်ရယ်။

တိုး။ ။ ကိုယ့်ဘက်က လျှော့ပေးတဲ့ ငြိမ်းချမ်းရေးမျိုးကိုတော့ အလွယ်ကလေးပေါ့ ဆရာကြီးရယ်။

နုပ်။ ။ လွယ်လွယ်နဲ့ ခပ်ချောင်ချောင် စားရလိမ့်မယ်ထင်လို့ လုပ်မိတဲ့ ခေါင်းဆောင်များက မစားသာမှန်း သိရတဲ့ ယခု အချိန်မှာ ပြန်ထွက်ဖို့သတိရကောင်းပါတယ် မောင်တို့။

တက်။ ။ လူတွေက မိုက်လုံးကြီးတယ် ဆရာကြီးရဲ့။

နုပ်။ ။ မိုက်လုံးကြီးတဲ့ နိုင်ငံရေး ခေါင်းဆောင်ကြီးတွေကြောင့် ကျုပ်တို့ ကမ္ဘာသားတွေ ကိစ္စများရဦးမယ့်ပုံ ပေါက်နေပါတယ် မောင်။

တိုး။ ။ ကျွန်တော်တို့ ဦးသန့်လည်း ကြိုးစားရှာပါတယ် ဆရာကြီး နော် ခင်ဗျား။

နုပ်။ ။ ဦးသန့်မှာ ထူးကဲကဲ့ အရည်အချင်း တစ်ခု ဆရာ သတိပြုမိတယ် မောင်။

တက်။ ။ ဘာလဲ ဆရာကြီး။

နုပ်။ ။ ဦးသန့်ရဲ့ စိတ်ဟာ အမြဲ ကြည်လင်နေပုံရတယ်။

တိုး။ ။ ဘာကြောင့် ဆရာကြီး သိနိုင်သလဲ ခင်ဗျာ။

နုပ်။ ။ စိတ်ငြိမ်းချမ်း ကြည်လင်တဲ့အတွက် သူ့ အသားအရေပါ ကြည်လင်ပြီး မျက်နှာထားပါ ထင်ရှားနေတယ် မောင်ရဲ့။ အင်္ဂလိပ်လို ခေါ်တယ်။

တက်။ ။ SERENE ဆိုတာလား ဆရာကြီး။

နုပ်။ ။ တယ်လာတဲ့ လူပါကလား ဟေ့။ ခေတ်တက္ကသိုလ် ကျောင်းသား အနေနဲ့ကို မှတ်မိတာ ဆရာ ချီးကျူးပါတယ် မောင်။

mgyoe.com

mgyoe.com

တက်။ ။ ဆရာကြီး ချီးကျူးခြင်းကို ကျွန်တော် ဂုဏ်ယူပါတယ် ဆရာကြီး ခင်ဗျား။

နုပ်။ ။ ဦးသန့်လို ကြည်လင်တဲ့ မျက်နှာမျိုးဟာ မြင်းခြံက ဆရာတော် ဦးကဝိမှာ ဖူးတွေ့ရတယ်လို့ တစ်ယောက်ပြောဖူးတယ်။ ဆရာတော့ မဖူးလိုက်ရဘူး။ ဝမ်းနည်းတယ် မောင်။

တိုး။ ။ ဦးသန့်ဟာ ကမ္ဘာ့ဌာန်းထိုင်တယ်ဆိုပါကလား ဆရာကြီး။

နုပ်။ ။ ကမ္မဋ္ဌာန်း ဟုတ်မထင်ပါဘူး။ စူးစူးစိုက်စိုက် နက်နက်နဲနဲ ဆင်ခြင် သုံးသပ်တဲ့ အလုပ်မျိုးနဲ့ တူပါတယ်။ ဆရာကတော့ ကုလသမဂ္ဂမှာ ဦးသန့် ဩဇာလွှမ်းပါမှ ကမ္ဘာအဖို့ ကောင်းလိမ့်မယ်လို့ ယူဆတယ် မောင်တို့ရေ။

❖

mgyoe.com

mgyoe.com

## ဆွေးနွေးခန်း (၂)
## သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (၁)

တက်။ ။ ကျွန်တော်တို့ ရောက်လာကြပြီ ဆရာကြီး။ ဒီတစ်ခါတော့ ခပ်ဆန်းဆန်းကလေးမေးချင်တယ်။

ကျွန်နုပ်။ ။ ဘာများလဲကွဲ့ မောင်တက်ရဲ့။

တက်။ ။ "ငါ"ဆိုတာဘာလဲ ဆရာကြီး၊ "အတ္တ"ဆိုတာ ဘယ်လိုဟာလဲ ဆရာကြီး။

နုပ်။ ။ အောင်မယ်၊ မောင်နဲ့ ဒီမေးခွန်းတွေနဲ့ ဘာဆိုင်သလဲ။

တက်။ ။ ကျွန်တော်တို့လည်း ဒီအကြောင်းတွေကို အင်မတန် သိချင်ပါတယ် ဆရာကြီး။

တိုး။ ။ ကျွန်တော်တို့ လူငယ်တွေပေမဲ့ ဒီအကြောင်းကို စဉ်းစားမိလို့၊ ခဏခဏ ဆွေးနွေးကြပါတယ် ဆရာကြီး။ ကျွန်တော်တို့ နားလည်အောင် ရှင်းပြစေချင်ပါတယ်။

နုပ်။ ။ ဒီပြဿနာက အလွန်တရာ ရှုပ်ထွေးနက်နဲတယ် မောင်တို့ရေ။

mgyoe.com

တက်။ ။ ရှုပ်ထွေးနက်နဲလို့ ဆရာကြီး နားမလည်ဘူးလား ခင်ဗျား။

နုပ်။ ။ ဆရာ့အဖို့ကတော့ နားလည်ပါတယ်။ ဆရာ တစ်သက်လုံး အချိန်ပေးပြီး စဉ်းစားလာခဲ့တဲ့ ပြဿနာကြီး တစ်ခုပါ မောင်။ သို့သော် မောင်တို့လို လူငယ်များ နားလည်အောင် ရှင်းပြဖို့ ကတော့ အလွန် ခဲယဉ်းပေလိမ့်မယ် မောင်တက်ရေ။

တိုး။ ။ ကျွန်တော်တို့ဘက်ကလည်း နားလည်အောင် ကြိုးစားပါမယ် ဆရာကြီး၊ ဆရာကြီး ရှင်းပြရင် ကျွန်တော်တို့ နားလည် လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နုပ်။ ။ ကိုင်း ဒါဖြင့် ဆရာတတ်နိုင်သမျှ ရှင်းပြမယ် နားထောင်ကြ။

တက်။ ။ ကြိုးစားစမ်းပါ ဆရာကြီး ခင်ဗျား။

နုပ်။ ။ ငါဆိုတဲ့ စကားလုံးကတော့ တစ်ကမ္ဘာလုံး လူတိုင်း သုံးနေတဲ့ စကားလုံးပဲ။ သို့သော် စကားလုံးကတော့ ဘာသာရေးနဲ့ ပတ်သက်လို့ သုံးနှုန်းကြတဲ့ စကားပါ။ ဗုဒ္ဓဘာသာအရ ကတော့ အတ္တဆိုတာ တကယ်ဟာ မဟုတ်ဘူး။ ဗုဒ္ဓဘာသာမှအပ၊ ခရစ်ယာန်ဘာသာ၊ မူဆလင်ဘာသာ၊ ဟိန္ဒူဘာသာမှစ၍ ဘာသာတိုင်းလို အဟုတ် တကယ်ရှိတဲ့ အခြင်းအရာ တစ်ခုလို့ ယူဆထားကြတယ်မောင်။

တက်။ ။ ဗုဒ္ဓဘာသာအရ အတ္တ မဟုတ်လျှင် အခြားဘာသာများအရ အတ္တ ဆိုတာ တကယ်ရှိတယ် ဆိုကြပုံကို ရှင်းပြောစမ်းပါဦး ဆရာကြီးရယ်။

နုပ်။ ။ ရှင်းဖို့ အတော်ကြီး ခက်တာပဲ မောင်ရေ။ သို့သော် ဆရာ တတ်နိုင်သလောက် ရှင်းပြပါမယ် မောင်တို့။

တက်။ ။ ကြိုးစားစမ်းပါ ဆရာကြီးခင်ဗျား။

နုပ်။ ။ "ငါ" ဆိုတဲ့ အသုံးအနှုန်းက လူမှန်သရွေ့ ဘာသာတိုင်းမှာ ရှိနေကြတာကတော့ ဟုတ်ပါပြီ။ သို့သော် "အတ္တ" ဆိုတဲ့ အခြင်းအရာကတော့ ရှိတယ်လို့ ယုံကြည်တဲ့ လူအဖို့မှာ

mgyoe.com

mgyoe.com


တော့ ရှိဘိသကဲ့သို့ပဲ ထင်မှတ်စရာ ဖြစ်နေတယ်။ အတ္တ မဟုတ်ဘူးလို့ သိထားတဲ့ အရိယာပုဂ္ဂိုလ်များ အဖို့မှာတော့လည်း အဟုတ် တကယ် မရှိဘူးရယ်လို့ သူတို့ ဉာဏ်ထဲမှာ ရှင်းရှင်းလင်းလင်းကြီးပဲ မြင်နေတယ်။

တက်။ ။ ဘယ့်နှယ်ဟာလဲ ဆရာကြီးရယ်။ ရှိတယ် ထင်တဲ့လူ အဖို့မှာတော့ တကယ် ရှိသလိုပဲ၊ မရှိဘူးလို့ ထင်တဲ့လူ အဖို့မှာလည်း တကယ် မရှိရပြန်ဘူလား ခင်ဗျား။

နုပ်။ ။ အဲဒါကြောင့် ရှင်းဖို့ခက်တယ်လို့ ဆရာ ပြောခဲ့တယ် မဟုတ်လား။

တိုး။ ။ ရှင်းဖို့ခက်ပေမင့် ထပ်ပြီး ရှင်းပါဦး ဆရာကြီး။

နုပ်။ ။ ကိုင်း...ကြိုးစားပါဦးမယ် မောင်။ ဥပမာ– အတ္တဆိုတာ ရှိတယ်လို့ ယုံကြည်တဲ့ ဘာသာဝင်များအဖို့မှာ ဒီဘဝက နေပြီးတော့ ဟိုဘဝ ပြောင်းသွားတော့ အတ္တကောင်ကလေး ကူးသွားတယ်လို့ ထင်မှတ်လောက်စရာ အချက်အလက်တွေ များစွာ တွေ့နိုင်တယ်။ အတိတ်ဘဝကို မှတ်မိပြီး ပြန်ပြောပြနိုင်တဲ့ လူတွေ အများကြီး တွေ့ရတယ်။ ထိုသူတို့က ဟိုဘဝ ဒီဘဝကို အတ္တ(ငါ)ကောင်ကလေး ကူးလာတဲ့အတွက် ဟိုဘဝတုန်းက အဖြစ်အပျက်တွေကို မှတ်မိပြီး ပြန်ပြောနိုင်ခြင်း ဖြစ်တယ်လို့ ယူဆစရာ ဖြစ်ပေတယ်။

တက်။ ။ ထင်လောက်စရာပေါ့ ဆရာကြီး။

နုပ်။ ။ သို့သော် ဗုဒ္ဓဘာသာ အရိယာ တစ်ယောက် အဖို့မှာတော့ အတ္တ ကောင်ကလေး ကူးပြောင်းလာခြင်း မဟုတ်။ ယခင်ဘဝသည် အကြောင်း၊ နောက်ဘဝသည် အကျိုး ဟူ၍ သူ့ဉာဏ်ထဲမှာ ရှင်းလင်းလင်းကြီး သိနိုင်တယ် မောင်ရေ့။

တိုး။ ။ ကျွန်တော်တို့ အနေနဲ့ကတော့ ဒီကိစ္စမှာ အတ္တ ကူးပြောင်းလာတယ် ဆိုခြင်းကို နားလည် နိုင်ပါတယ်။ အကြောင်း အကျိုးအားဖြင့် ဆက်သွယ်တယ် ဆိုခြင်းကို နားလည်နိုင်ဖို့ သိပ်ခက်တယ် ဆရာကြီးရယ်။

mgyoe.com

mgyoe.com


နုပ်။ ။ ဟုတ်ပေမှာပဲ မောင်တို့၊ ဗုဒ္ဓဘာသာဝင်များ ကိုယ်တိုင် (အရိယာ မဖြစ်သေးသမျှ ကာလပတ်လုံး) ဒီလိုပဲ ထင်မိကြတာပဲ။ သို့သော် မိဘ အစဉ်အဆက် ပြောစကားကြောင့်ဖြစ်စေ၊ အတ္တဆိုတာ မရှိဘူးလို့ ယုံကြည်ကြရတာပဲ။ မိမိတို့စိတ်ထဲမှာတော့ ငါသည် ဟိုဘဝမှ ဒီဘဝသို့ ရောက်လာခြင်း ဖြစ်တယ်လို့ ထင်မှတ်နေတဲ့ အစွဲအလမ်းကလေးကတော့ လူအသီးသီးမှာ ရှိနေကြတာပဲ။

တက်။ ။ ဒီအစွဲဟာ ဘယ်တော့မှ ပျောက်မလဲ ဆရာကြီး။

နုပ်။ ။ အရိယာဖြစ်တဲ့အချိန်ကျမှ ဉာဏ်ထဲမှာ သဘောပေါက်သွားတယ်။ သို့သော် သာမန်အားဖြင့်တော့ ဟိုဘဝက သည်ဘဝသို့ ကူးလာခဲ့ခြင်း ဖြစ်တယ်လို့ ထင်မှတ်နေတုန်း ရှိကြသေးတာပဲ မောင်ရဲ့။

တိုး။ ။ ရှင်းရှင်းပျောက်တာကတော့ ဘယ်တော့မှလဲ ဆရာကြီး။

နုပ်။ ။ အရဟတ္တဖိုလ် ဆိုက်တဲ့အခါကျမှ ဉာဏ်ထဲမှာ ရှင်းရှင်းပြတ်ပြတ်ကြီး သိမြင်သွားနိုင်တယ်လို့ ဆရာ ယူဆပါတယ်။

တက်။ ။ သတ္တဝါတိုင်းဟာ ဘာကြောင့် မိမိကိုယ်ကို ငါဟူ၍ ထင်မှတ်ကြပါသနည်း။

နုပ်။ ။ ဒါကတော့ သတ္တဝါတိုင်း၏ သဘာဝ ဖြစ်ရပါမယ်။ ဘယ်နေရာ ဘယ်အခါမဆို နာမ်ရုပ်နှစ်ပါး ပူးစပ်နေတဲ့ သတ္တဝါ တစ်ခု ဖြစ်ပေါ်လာလျှင် ငါတည်းဟူသော ထင်မှတ်မှုသည် ၎င်းသတ္တဝါ၏ စိတ်ထဲ၌ တစ်ပြိုင်နက်တည်း စွဲကပ်လျက်ပါလာတတ်တဲ့ ဓမ္မတာတစ်ခုဟာ ရှိနေတယ်။ မည်သည့် သတ္တဝါမျှ မိမိကိုယ်ကို သူဟူ၍ မှတ်ထင်လာတဲ့သူ တစ်ဦးတစ်ယောက်မျှ မပေါ်လာတတ်ဘူး မောင်ရေ့။ သတ္တဝါတိုင်းဟာ ငါတစ်လုံးစီနဲ့ လောကကြီးမှာ ရောက်လာသူချည်း ဖြစ်နေကြတာပဲ။

တိုး။ ။ နို့ ဆရာကြီးရယ် ရဟန္တာပုဂ္ဂိုလ်များမှာ ငါတည်းဟူသော အမှတ်သညာ မရှိတော့ဘူးလား ခင်ဗျား။

mgyoe.com

mgyoe.com

နုပ်။ ။ ငါဆိုတဲ့ သဘောတရားက သတ္တိတစ်မျိုးရှိတယ် မောင်ရေ့။ ၎င်းသတ္တိသဘာဝက ငါ ရှိတယ်ဆိုရင် ငါ ငါဟု မာန်မူတတ်သော မာနသဘောက တွဲလျက်သား ပါလာတော့တာပဲ။

တက်။ ။ ရဟန္တာများမှာတော့ ၎င်းသဘောပါသေးလား ဆရာကြီး။

နုပ်။ ။ ရဟန္တာများအဖို့မှာတော့ မာန်မူတဲ့ သဘော မရှိတော့ဘူး။ သို့သော် သူ့အိမ် ငါ့အိမ်၊ သူ့ကျောင်း ငါ့ကျောင်း၊ မှားယွင်းပြီး မဝင်မိရလေအောင် အမှတ်အသားတော့ ရှိကြတာပဲ မောင်ရဲ့။ ၎င်းအမှတ်အသားမှ မရှိတော့ရင် သူ့ပစ္စည်းမှန်း မသိ၊ ငါ့ပစ္စည်းမှန်း မသိ၊ သူ့ကျောင်းမှန်းမသိ ငါ့ကျောင်းမှန်း မသိ၊ သူ့သပိတ်မှန်း မသိ၊ ငါ့သပိတ်မှန်း မသိ၊ အမှားမှား အယွင်းယွင်း၊ အချွတ်ချွတ် အချော်ချော် ဖြစ်ကုန်ကြရတော့မှာပဲ မောင်တို့ရေ။

တိုး။ ။ ရေးရေးလေးတော့နားလည်သလိုပဲ ဆရာကြီးရေ။ သို့သော် ဒီလောက် နားလည်ရုံနဲ့တော့ ငါ ပြုတ်မသွားနိုင်သေးဘူးပေါ့ ဆရာကြီးနော်။

တက်။ ။ ကျွန်တော့် အဖို့ တော်တော်ကလေး ဘဝင်ကျသွားတယ် မှတ်ပါတယ်။

နုပ်။ ။ ခက်ခဲသော ကိစ္စတစ်ခုကို ရုတ်တရက် သဘော မပေါက်သေး သော်လည်း ခက်ခဲခြင်းကို ခက်ခဲတယ်ဟူ၍ နားလည်နိုင်တယ်ဆိုရင် အတော်အတန် ဉာဏ်ရှိတယ်လို့ ဆိုသင့်တာပဲ မောင်၊ လွယ်မှန်း ခက်မှန်း မသိ၊ ဘူးလုံးနားမထွင်း လူစားမျိုးထက်တော့ မောင်တို့က တော်တယ်လို့ ဆိုရပေမယ် ။

တိုး။ ။ အတ္တဆိုတာ အဟုတ်တကယ် ရှိတယ်လို့ ယူဆခြင်းအားဖြင့် အပါယ် ကျတတ်သလား ဆရာကြီး ခင်ဗျား။

နုပ်။ ။ ဒီလောက်နဲ့ အပါယ် ကျရမယ်ဆိုရင် သတ္တဝါဟူသမျှ တက်လမ်း မရှိတော့ဘူး။ အပါယ်ငရဲသို့ တောက်လျှောက် ကျဆင်းရုံချည်း ဖြစ်နေမှာပေါ့။

mgyoe.com

mgyoe.com


တက်။ ။ မိစ္ဆာဒိဋ္ဌိဆိုရင် အပါယ်ကျရတယ်လို့ လူတွေက ပြောကြပါ ကလား ဆရာကြီး။

နုပ်။ ။ အတ္တ ရှိတယ်ဆိုရုံနဲ့ အ၂ပါယ် ကျရတယ်လို့ မရှိပါဘူး။ ဆရာလည်း ပြောခဲ့ဖူးပါတယ်။ ဘာသာတစ်ခုက အခြား ဘာသာဝင်များကို အပါယ်ငရဲသို့ တွန်းချနေကြလေတော့ သူတို့ အဆိုရ သာဖြင့် သူသတ္တဝါအားလုံး အပါယ်ငရဲသို့ တောက်လျှောက် ကျရမယ့် လူချည်း ဖြစ်နေမှာပေါ့။

တိုး။ ။ ဗုဒ္ဓကတော့ ဒီလူတွေဟာ လွတ်မြောက်ရေးမရှိတဲ့ အဝီစိငရဲသို့ ကျရမယ်လို့ဆို မဟုတ်လား ဆရာကြီး။

နုပ်။ ။ ဂေါတမဗုဒ္ဓက ဒီလို ဟောခဲ့တယ်လို့ ဆရာ မယုံကြည်ပါ ဘူး။ လူမျိုးပြုတ်ပြီး သတ္တဝါအားလုံး အဝီစိကျတဲ့ သဘာဝ မျိုး ရှိတယ်လို့ ဂေါတမဗုဒ္ဓက ဟောဖူးတယ်လို့ ဆရာ မယုံ ကြည်နိုင်ပါဘူး။

တက်။ ။ နောင်ဘဝ မရှိဘူးလို့ ယုံကြည်သူများသည် မိစ္ဆာဒိဋ္ဌိများ ဖြစ်တယ်လို့ ဗုဒ္ဓက ဟောတယ်ဆို ဆရာကြီး။

နုပ်။ ။ နောင်ဘဝ မရှိ ဆိုသူများသည် ဒုစရိုက်မှု ပြုဖို့ ဦးမလေး တတ်ဘူးလို့တော့ ဟောခဲ့ဖူးပါတယ်။ သို့သော် နောင်ဘဝ မရှိဘူးလို့ ယုံကြည်သူများအနက်မှာလည်း သူတော်ကောင်း အနည်းငယ်မျှ ရှိနေတတ်ခြင်းကို ဆရာကိုယ်တိုင် တွေ့ရဖူးပါတယ်။

တိုး။ ။ ဆရာကြီးက ဘယ်လို လူကို သူတော်ကောင်း ခေါ်တာလဲ ဆရာကြီးရယ်။

နုပ်။ ။ သူတစ်ပါးကို ကျူးကျော်သမှု မပြုဝံ့သောသူ၊ မပြုရက်သော သူ စသည်များကို ဆရာက သူတော်ကောင်းလို့ အသိအမှတ် ပြုပါတယ်။

mgyoe.com

mgyoe.com


တက်။ ။ ဆရာကြီး ထင်မြင်ချက်အရကတော့ သူတော်ကောင်း ဖြစ်ဖို့ အလွယ်သားပါလား ခင်ဗျား။

နုပ်။ ။ အောင်မယ် မောင်တို့က မထင်ကြပါနဲ့။ သူတစ်ပါးကို စိတ်အားဖြင့် ပြစ်မှားခြင်းကို ထားလိုက်ဦး။ ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ပြစ်မှားခြင်းမှ ရှောင်ကြဉ်နိုင်တဲ့ လူစားမျိုးကိုတောင် ရှာကြည့်စမ်းပါဦး။ ဘယ်နှယောက်များ မောင်တို့ တွေ့လိမ့်မယ် ထင်သလဲ။

တိုး။ ။ ရှားတော့ ခပ်ရှားရှားရှိမှာပါပဲ ဆရာကြီး၊ သူတစ်ပါးအား မနစ်နာ မထိပါးအောင် ပြုလုပ်ဖို့ဆိုတာဟာ ဒီခေတ်မှာ အလွန် ရှားပုံ ရပါတယ်။ သို့သော် ဒီလောက်ဆိုရင် တော်ပြီ လား ဆရာကြီး။

နုပ်။ ။ ထောင်ထဲ မရောက်ရင် သူတော်ကောင်း ဖြစ်တယ်လို့လည်း မထင်ကြနဲ့ဦး မောင်တို့ရေ။ ရာဇဝတ်ကောင် အဖြစ်နဲ့ အစိုးရက ဖမ်းမမိသေးလို့ ထောင်ပြင် ရောက်နေတဲ့ လူတွေ ကလည်း အများကြီး ရှိကြတယ် မောင်။

တက်။ ။ ဒါဖြင့် အစိုးရ ဥပဒေကို ကျူးလွန်တိုင်း ဒုစရိုက်မှု ဖြစ်သလား ဆရာကြီး။

နုပ်။ ။ ဒုစရိုက်မှုဆိုတာက ဗုဒ္ဓဟောတော်မူခဲ့တဲ့ သဘာဝ ဥပဒေပါ၊ အစိုးရ ဥပဒေဆိုတာက တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ စည်းကမ်း ဥပဒေပါ။

တိုး။ ။ ဒီလိုဆို လူလုပ်တဲ့ဥပဒေကို မလိုက်နာချင်နေလား ဆရာကြီး ရယ်။

နုပ်။ ။ ဒီလိုတော့ ရှိတယ်လေ။ ဗုဒ္ဓ ညွှန်ပြတဲ့ သဘာဝ ဥပဒေကို ဖောက်ဖျက်ရင်လည်း ထောင်ထဲ ရောက်တတ်တယ်။ ဒါကို သတိပြုကြပေါ့။

mgyoe.com

mgyoe.com


တက်။ ။ ဘယ်သင်း ပိုပြီး အရေးကြီးသလဲ ဆရာကြီး။

နုပ်။ ။ အရေးကြီးပုံ တစ်မျိုးပေါ့ မောင်ရယ်၊ သူ့အမှုနဲ့ သူ အပြစ် ဒဏ် ရှိနေကြတာပေါ့။ ဒါကြောင့် ဆရာက အစိုးရ လုပ်သူ များကို ရံဖန်ရံခါ သတိပေးခဲ့ဖူးပါတယ်။ တိုင်းပြည် ကြီးပွား ရေး သို့မဟုတ် ငြိမ်းချမ်းရေး အတွက်ဆိုရင် တိုင်းသူပြည်သားများ လိုက်နာဖို့ အတွက်ဆိုရင် စည်းကမ်းဥပဒေ စည်းကြပ်သင့်သည် မှန်သော်လည်း သဘာဝနှင့် ဆန့်ကျင်သည့် ဥပဒေမျိုးကိုတော့ လွယ်လွယ်ကူကူ မလုပ်မိကြ စေဖို့ ရှောင်ကြဉ်သင့်ကြောင်း ဆွေးနွေးခဲ့ဖူးပါတယ်။

တိုး။ ။ ဆရာကြီး ထင်မြင်ချက်အရ သူတော်ကောင်း ဖြစ်ဖို့ဟာ စိပ်ပုတီး လက်ပတ်ဖို့၊ အဝတ် အဖြူအဝါ ဝတ်ဖို့မလိုတော့ ဘူးလား။

နုပ်။ ။ ကြိုက်လျှင်လည်း လုပ်ကြပေါ့မောင်။ သို့သော် သူတော် ကောင်း ဖြစ်ဖို့ကတော့ စိတ်နှလုံးက အရေးကြီးပါတယ်။ အဝတ်က သူတို့ ထင်ကြသလောက် အရေးကြီးတယ်လို့ ဆရာကြီး မယုံဘူး။

တက်။ ။ သင်္ကန်းကကော ဆရာကြီးရယ်။

နုပ်။ ။ ဂေါတမဗုဒ္ဓက သာသနာတော် အဓွန့်ရှည်ကြာရေးအတွက် သံဃာအစည်းအရုံး ရှိသင့်တယ်လို့ မြင်တော်မူသည့်အတွက် သင်္ကန်း ဝတ်ရုံသည့် သံဃာအဖွဲ့အစည်းကို စီမံထားခဲ့ခြင်း ဖြစ်ပါတယ်။ ပုဂ္ဂလိကအကျိုးထက် သာသနာတော်ရေး အတွက် ဖြစ်ပါ တယ်။ ဒုလ္လဘရဟန်း ပြုကြခြင်းများအတွက် သာသနာတော်အဖို့မှာ အကျိုးသက်ရောက်နိုင်တယ်လို့ ရှေးဆရာတော်ကြီးများက မယုံကြည်ခဲ့ကြ ပါဘူး မောင်တို့ရယ်။

တိုး။ ။ ကျွန်တော် တစ်ခုမေးချင်ပါတယ် ဆရာကြီး။

နုပ်။ ။ မေးပါ မောင်ရေ။

mgyoe.com

တိုး။ ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ ပြောတတ်ကြတယ်။ လူဟူသမျှ ပုထုဇဉ်အဖြစ်နဲ့ မွေးလာကြတာချည်းပဲတဲ့၊ ခရစ်ယာန် ဘာသာဝင်များလည်း ပြောကြတယ်။ လူဟူသမျှ ဟာ ဒုစရိုက်သားချည်းပဲတဲ့၊ အတူတူပဲပါတကား ဆရာကြီး။

နုပ်။ ။ ခပ်ဆင်ဆင်ပဲ မောင်ရေ။ သို့သော် ရည်ရွယ်ချက်ကတော့ နည်းနည်း ခြားပါလိမ့်မယ်။

တက်။ ။ ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ချက်အရ ဘုရား အဆူဆူ ပွင့်ခဲ့ပြီးပြီ၊ ၎င်းဘုရားများသည် သတ္တဝါ ဝေနေယျတို့ကို သံသရာမှ လွတ်မြောက်ကြောင်း ဖြစ်တဲ့ သစ္စာလေးပါး တရားကို ဟောတော်မူကြပြီး၊ ကျွတ်ထိုက်သူများ ကျွတ်တမ်း ဝင်ကြတယ်လို့ ဆိုတယ်။

တိုး။ ။ ကယ်တင်ရှင်များလို့ မခေါ်ထိုက်ဖူးလား ဆရာကြီး။

နုပ်။ ။ ခေါ်တော့ ခေါ်နိုင်ပါတယ်။ ခရစ်ယာန်များ အမြင်အရတော့ လမ်းပြရုံနဲ့ ကယ်တင်ခြင်း မဟုတ်ဘူး ဆိုကြတယ်။

တက်။ ။ သူတို့ဘုရား သခင် ကယ်တင်ပုံကတော့ကော ဆရာကြီး။

နုပ်။ ။ လူသတ္တဝါတွေကို ဒုစရိုက်ကောင်များ အဖြစ်နဲ့ ရှေးဦးစွာ ဖန်ဆင်းတယ်။ မိမိကို ယုံကြည်သူများအား အပြစ် ဘယ် လောက်ပြုပြု ကောင်းကင်ဘုံ ရောက်အောင် ကယ်တင်နိုင် တယ်လို့ ဆိုတယ်။ တစ်ခါတည်း လူကောင်းတွေချည်း မဖန်ဆင်းဘဲ သူ ကယ်တင်ဖို့ အရင် တစ်ခုရစေခြင်းငှာ ဒုစရိုက်ကောင်တွေအဖြစ် ဖန်ဆင်း ထားရာ မရောက်ဘူးလား မောင်တို့။

တိုး။ ။ ဟုတ်တယ် ဆရာကြီးရေ။ ကျွန်တော့် ဉာဏ်အမြင်ကတော့ ဗုဒ္ဓတွေ အဆူဆူပွင့်ခြင်းဟာ သာ၍သဘာဝကျပုံရပါတယ်။ "ငါ"မှ တစ်ပါး ဘုရားမရှိ ဆိုတဲ့ အမိန့်သံကြီးနဲ့ ပေါ်ပေါက် လာတဲ့ တစ်ဆူတည်းသော ဘုရားဆိုတာမျိုးကိုတော့ ကျွန်တော် ယုံကြည် လက်ခံဖို့ ခပ်ခက်ခက်ပဲ ဆရာကြီး။

mgyoe.com

mgyoe.com

နပ်။ ။ ကိုင်း… ဆရာကြီး သွားစရာရှိသေးတယ်။ ဒီတစ်ခေါက် ဒါလောက်နဲ့ပဲ ပြန်ကြပေဦးတော့ မောင်တို့။

❖

mgyoe.com

mgyoe.com

## ဆွေးနွေးခန်း (၃)
## သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဂ)

ကျွန်ုပ်။ ။ ရောက်လာကြပြီလား။ "တက်တိုး"တို့၊ ဘာများ မေးကြမလဲ မောင်တို့။

တက်။ ။ "ပရလောကခေါ်တဲ့ တစ္ဆေ၊ နတ်၊ ဗြဟ္မာတို့အကြောင်းကို ကျွန်တော်တို့ သိချင်ပါတယ်။ ဆရာကြီး ဒါတွေဟာ ရှိတယ်လို့ ဆရာကြီး ယုံကြည်သလား ခင်ဗျာ။

နုပ်။ ။ ဒါကိုတော့ ယုံချင်ယုံ မယုံချင် နေနိုင်ပါတယ်။ သို့သော် တစ်ခု ခက်နေတာ ပရလောက ရှိခြင်းကို မယုံနိုင်တဲ့ "လူများ"က "စိတ်"၏ တန်ခိုး သတ္တိကိုလည်း မယုံတတ်ဘဲ ဖြစ်နေတယ်။ တစ္ဆေတို့၊ နတ်တို့၊ ဗြဟ္မာတို့ဆိုတဲ့ ဘုံတွေကို မယုံလို့ ကိစ္စမရှိဘူး ထားလိုက်ဦး။ စိတ်၏ အစွမ်းသတ္တိကို မယုံဘူး ဆိုသူများ အဖို့မှာတော့ အကြီးအကျယ် ဆုံးရှုံးခြင်း ဖြစ်တယ်လို့ ဆရာဆိုချင်တယ်။

တိုး။ ။ ရှင်းပါဦး ဆရာကြီး ခင်ဗျား။

mgyoe.com

နုပ်။ ။ သည့်ခေတ်မှာ သိပ္ပံပညာဘက်က တိုးတက်သလောက် "စိတ်" အစွမ်းကို လေ့လာတဲ့ဘက်က ဆုတ်ယုတ်လာကြတယ်။ သိပ္ပံပညာဆိုတာက ရုပ်သက်သက်ပညာမျိုး ဖြစ်လေတော့ "ရုပ်" ဘက်မှာ တိုးတက်ပြီး စိတ်ဘက်မှာ တစ်ကမ္ဘာလုံး ဆုတ်လာကြတယ် မောင်တို့။

တက်။ ။ အနောက်တိုင်းမှာ သိပ္ပံပညာတိုးတက်တယ်လို့ ကျွန်တော်တို့ သိရပါတယ်။ စိတ်ဘက်ဆိုင်ရာ ပညာမျိုးက ဘယ်မှာ ကြီးပွားဖူးသလဲ ဆရာကြီး။

နုပ်။ ။ အိန္ဒိယပြည်တို့၊ တိဗက်ပြည်တို့မှာ "စိတ်"နဲ့ ပတ်သက်တဲ့ ပညာမျိုး ကြီးပွားခဲ့ဖူးတယ်။ ယခုတိုင်လည်း လက်ကျန် ရှိသေးတယ်လို့ ဆရာ ဖတ်ရဖူးပါတယ်။

တိုး။ ။ ဆရာကြီးကတော့ ယုံတာပဲလား ခင်ဗျား။

နုပ်။ ။ ဆရာက မိမိစိတ်ကို ဖွင့်ထားတဲ့ လူတစ်ယောက်ပဲ။ စူးစမ်း ဆင်ခြင်ပြီး ယုံသင်လျှင်ယုံဖို့ အသင့်ပဲ မောင်ရေ။ ခေတ်လူ တော်တော်များများကတော့ ပရလောကတို့ စိတ်တန်ခိုး သတ္တိတို့ ဆိုတာများနဲ့ ပတ်သက်လို့ တံခါး ပိတ်ထားသလို ဘာမှ သူတို့ လက်မခံချင်ကြဘူး မောင်ရေ။ ဆရာ့ကိုတောင် အယူသီးတဲ့ လူကြီး တစ်ယောက်လို့ ဆိုချင်ကြသလား မပြောတတ်ဘူး။

တက်။ ။ သူရဿတီဒေဝီဆိုတာ ဆရာကြီး ယုံသလား ခင်ဗျား။

နုပ်။ ။ ကိုယ်တိုင်မြင်တွေ့ရဖူးတော့ မယုံလို့ မဖြစ်ဘူးပေါ့ မောင်။

တိုး။ ။ ဆရာကြီး တစ်ခါ ပြောဖူးပါတယ်။ အနောက်တိုင်းက လူတွေဟာ ဗိဉာဏ်ဝါဒကို လက်ခံယုံကြည်နေကြတယ်ဆို ဆရာကြီး။

နုပ်။ ။ သူတို့ဆီက လူတွေက ပညာရပ်တစ်ခုကို လိုက်စားလျှင် လှိုက်လှိုက်လှဲလှဲ၊ နက်နက်နဲနဲ၊ စေ့စေ့စပ်စပ်၊ ကတ်ကတ်

mgyoe.com

mgyoe.com

သတ်သတ် လိုက်စားတတ်တဲ့ ဝါသနာ ရှိကြတယ်။ လူတစ်ယောက် သေပြီးတဲ့နောက် ဘဝတစ်ခု ရောက်တယ် ဆိုခြင်းကို လက်တွေ့ စုံစမ်းပြီး အတိအကျ သိရလို့ ယုံကြည်လက်ခံတဲ့ လူတွေဟာ အမေရိကန်တို့ အင်္ဂလန်တို့မှာ သန်းနဲ့ချီပြီး ရှိနေကြပြီလို့ သိရတယ် မောင်တို့ရေ။

**တက်။** ။ သည်ဟာမျိုးတွေကို ဆရာကြီး လိုက်စားတော့ ဘာများ အကျိုး ရှိသလဲခင်ဗျာ။

**နုပ်။** ။ ဆရာကတော့ "စုံ"ချင်တတ်တဲ့ ဝါသနာရှိလို့ နည်းနည်းပါးပါး လေ့လာကြည့်မိခြင်းပါ။ အကျိုးကျေးဇူး မျှော်လင့်လို့ မဟုတ်ပါဘူး။

**တိုး။** ။ ဒါဖြင့် ဆရာကြီးမှာ ဘာအကျိုးမှ မရှိဘူးလား ခင်ဗျာ။

**နုပ်။** ။ မမျှော်လင့်ဘဲနဲ့ အကျိုးခံစားရခြင်းများလည်း ရှိပါတယ်။

မေတ္တာ ဘာဝနာ အလုပ်ဟာကလည်း သူရဿတီဒေဝီ အစရှိတဲ့ နတ်ကောင်းများ၏ တိုက်တွန်း နှိုးဆော်ချက်အရ လိုက်နာ ကျင့်သုံးလျက်ရှိခြင်း ဖြစ်ပါတယ်။

**တက်။** ။ ဆရာကြီးမှာ ထူးထူးဆန်းဆန်းဘာများ ကြုံရဖူးသလဲခင်ဗျာ။

**နုပ်။** ။ ရှိပါတယ်။ သို့သော် လူတွေက ကြွားတယ်ထင်မှာ စိုးရိမ်လို့ မပြောချင်ဘူးမောင်။

**တိုး။** ။ ဆရာကြီးက မှန်တဲ့အတိုင်း ပြောမှာဖြစ်လျှင် ယုံကြည်တဲ့ လူများ အကျိုးရှိအောင် ပြောသာ ပြောပါဆရာကြီး။

**တက်။** ။ မယုံတတ်တဲ့လူတွေ မေးငေါ့ချင်ငေါ့၊ မှန်လည်းမှန် အကျိုးလည်း ရှိမယ်ဆိုလျှင် ပြောသာပြောပါ ဆရာကြီးခင်ဗျား။

**နုပ်။** ။ အနောက်တိုင်းက ဝိညာဏ်ပညာအကြောင်းကို ဖတ်ရလို့ မတောက်တခေါက် လေ့လာလိုက်စားကြည့်ရာမှာ ထူးထူး ဆန်းဆန်း ကလေးတွေ တွေ့ကြုံရတယ်မောင်ရေ။

mgyoe.com

mgyoe.com

တိုး။ ။ကြားပါရစေ ဆရာကြီး။

နုပ်။ ။လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်ကစပြီး လေ့လာရာမှာ ရှေးဦးစွာ သူရသသတီဒေဝီကို တွေ့ရတယ်။

တက်။ ။သည်အကြောင်းကိုတော့ဆရာကြီး တင်ပြဖူးပါပြီ ခင်ဗျား။ သည့်ပြင်ကော ဆရာကြီး။

နုပ်။ ။တွေ့ပြီး နောက်တစ်ပတ်လောက်အတွင်းမှာ သံရုံးတစ်ခုက ဖိတ်လို့ စထရင်းဟော်တယ်ညေ့ခံပွဲ တစ်ခုသို့ ဆရာ ရောက်သွားတယ်။

တိုး။ ။ဟုတ်ကဲ့ ဆရာကြီး။

နုပ်။ ။ညေ့ခံပွဲတွေမှာ ဆရာ ပြုလေ့ရှိတဲ့ ထုံးစံအတိုင်း ချောင်တစ်ချောင်မှာ ထိုင်နေတော့ ယခင်က သိကျွမ်းဖူးတဲ့ အိန္ဒိယတိုင်းသား နှစ်ယောက်ဟာ ဆရာ့အနီးမှာ လာထိုင်ကြတယ်။

တက်။ ။ဘယ်သူများလဲ ဆရာကြီး။

နုပ်။ ။နာမည်ကိုတော့ မပြောတော့ပါဘူး။ တစ်ယောက်က ဆရာဝန်၊ တစ်ယောက်က လွှတ်တော်အမတ် တစ်ယောက် ဖြစ်ပါတယ်။ ဆရာတို့ သုံးယောက် စကားလက်ဆုံကျနေတုန်းမှာ ဥရောပတိုက်သား ရှေ့က လျှောက်လာပြီး ဆရာနဲ့ မျက်နှာချင်းဆိုင်မိသည်နှင့် တစ်ပြိုင်နက် ဖျပ်ခနဲ ရပ်ပြီး ဆရာတို့ အနီးမှာ လာထိုင်ကြတယ်။

တိုး။ ။ဆရာကြီးရဲ့ အသိကျွမ်းထဲကလား ခင်ဗျား။

နုပ်။ ။ဆရာနဲ့လည်း မသိပါဘူး။ ဟိုနှစ်ယောက်နဲ့လည်း သိပုံမရပါဘူး။

တက်။ ။ဘာပြောသလဲ ဆရာကြီး။

နုပ်။ ။နောက်ဆုံး ဝင်ထိုင်တဲ့ ဥရောပတိုက်သားက ဟိုလူ နှစ်ယောက်ကို ပြောတယ် မောင်တို့ရဲ့။

mgyoe.com

mgyoe.com


တက်။ ။ ဘာတဲ့လဲ ဆရာကြီး။

နုပ်။ ။ ဗျို့လူနှစ်ယောက်တဲ့။ သည်လူကြီးကို ကြည့်ကြစမ်းတဲ့။ ပြောလိုက်တော့ သူတို့နှစ်ယောက် ဆရာ့ကိုကြည့်၊ ဆရာလည်း အံ့အားသင့် သွားမိတယ်။

တက်။ ။ ဥရောပတိုက်သားက ဘာဆက်ပြောသလဲ ဆရာကြီး။

နုပ်။ ။ အိန္ဒိယတိုင်းသား နှစ်ယောက်ကို သူက ဆက်ပြောနေတယ်။ သည်လူကြီးကို ကြည့်ကြစမ်း။ ဟိုမှာရပ်နေတဲ့ လူတွေကို ကြည့်ကြစမ်း၊ နှိုင်းယှဉ်ကြည့်စမ်း၊ ဟိုလူတွေနဲ့ ဒီလူကြီးနဲ့ တူရဲ့လား။ မြင်ကြရဲ့လား။ မတူဘူး ဟုတ်လား။ တွေ့ကြလားတဲ့ ထပ်ကာထပ်ကာ မေးနေတယ် မောင်တို့ရဲ့။

တိုး။ ။ အိန္ဒိယတိုင်းသား နှစ်ယောက်ကကော ဘာလုပ်ကြသလဲ ဆရာကြီး။

နုပ်။ ။ ဟိုလူ ခိုင်းတဲ့အတိုင်း လူတွေကို ကြည့်လိုက်၊ ဆရာ့ကို ကြည့်လိုက်၊ ကြည့်ရင်း ကြည့်ရင်း အံ့သြတဲ့ မျက်နှာထားတွေ ဖြစ်ပေါ်လာကြတယ် မောင်တို့ရဲ့။

တက်။ ။ ဘာကို အံ့သြကြတာလဲ ဆရာကြီး။

နုပ်။ ။ လက္ခဏာကတော့ ဆရာနဲ့ ရပ်နေတဲ့လူတွေနဲ့ ထူးခြားချက် ရှာမတွေ့လို့ အံ့သြနေကြခြင်းနဲ့ တူပါတယ်။

တိုး။ ။ ဒါဆို ဆရာကြီးက ဘယ်လို ထင်သလဲ ခင်ဗျား။

နုပ်။ ။ ဥရောပတိုက်သားရဲ့ မျက်စိမှာ ဆရာ့ကို လူထူး တစ်ယောက် အနေနဲ့ မြင်ဟန်ရှိသော်လည်း အိန္ဒိယတိုင်းသား နှစ်ယောက်ရဲ့ မျက်စိမှာတော့ တစ်စုံတစ်ရာ ထူးခြားချက် မတွေ့ရလို့ ဖြစ်မှာပေါ့။

တက်။ ။ နောက်ဆုံးကျတော့ ဘာဖြစ်သလဲ ဆရာကြီး။

mgyoe.com

mgyoe.com


နုပ်။ ။ ဥရောပတိုက်သားက ထိုင်ရာမှထပြီး သူ့ကိုယ်သူ မိတ်ဆက်ပါတယ်။ သူဟာ ဗြိတိသျှသံရုံးမှာ ပထမ အတွင်းဝန်ပါတဲ့။ ရှေ့လျှောက်ပြီး မိတ်ဆွေဖြစ်ကြဖို့ မျှော်လင့်ပါတယ်တဲ့ ပြောပြီး ထပြန်သွားရော မောင်တို့ရဲ့။

တိုး။ ။ ဆရာကြီးက ဘယ်လို အဓိပ္ပာယ်ကောက်ပါသလဲ ခင်ဗျား။

နုပ်။ ။ ဆရာ့အတွေးကတော့ ထပြန်သွားတဲ့ ဥရောပတိုက်သားဟာ ဝိညာဏ်ဝါဒသမား တစ်ယောက် ဖြစ်ဟန်တူတယ်။ ဆရာ့မှာ ရှိတဲ့ ထူးခြားချက်ကို အခြားလူများ မတွေ့မြင်ရသော်လည်း သူ့မှာတော့ ထင်ထင်ရှားရှားကြီး မြင်ရဟန် တူတယ်။ ဒါကြောင့်မို့ သူ့မှာ လှုပ်လှုပ်ရှားရှားဖြစ်ပြီး အိန္ဒိယတိုင်းသား နှစ်ယောက်ကို ပြနေခြင်း ဖြစ်တယ်လို့ ဆရာကြီး အဓိပ္ပာယ်ကောက်တယ်။

တက်။ ။ ဆရာကြီး စုံစမ်းမကြည့်ဘူးလား ခင်ဗျား။

နုပ်။ ။ ဘာများ ထူးခြားချက် မြင်ပါလိမ့်ဆိုပြီး သိချင်လို့ ဟိုလူကို တွေ့ရအောင် ဗြိတိသျှသံရုံးမှာ ဆရာစုံစမ်းကြည့်သေးတယ်။ မတွေ့ရတော့ဘူး မောင်တို့ရေ။ ဘိလပ်ကို ပြန်သွားပြီတဲ့။

တိုး။ ။ ဒါပဲလား ဆရာကြီး။

နုပ်။ ။ ဝိညာဏ်နဲ့ ပတ်သက်လို့ မိမိမှာ တစ်စုံတစ်ရာ ထူးခြားမှု ရှိတယ်လို့ ယခင်ကတည်းက တွေးမိသော်လည်း ဘယ်ပုံ ဘယ်နည်း ထူးခြားတယ် ဆိုတာကို မသိလိုက်ရလို့ ခံပြင်း ကျန်ရစ်တယ် မောင်တို့ရေ။

တက်။ ။ အဆက် မရှိတော့ဘူးလား ဆရာကြီး။

နုပ်။ ။ အထိမ်းအမှတ်ကလေးတွေကတော့ တစ်ချက်တစ်ချက် တွေ့ပါသေးတယ်။

တိုး။ ။ ဘယ်လိုလဲဆရာကြီး။

mgyoe.com

နုပ်။ ။ ဟိုတလောက ဆရာ တော်တော်ရေးလိုက်တာ ဖတ်ရတယ် ဟုတ်လား။

တက်။ ။ ဟုတ်ကဲ့။ ဖတ်လိုက်ရပါတယ်။ ဖတ်လို့တော့ ကောင်းတယ် ဆရာကြီးရဲ့။

နုပ်။ ။ ပရိသတ်ကတော့ ဖတ်ကောင်းတာပေါ့။ သို့သော် ခံရတဲ့ လူများမှာ အောင့်ရှာကြတယ် မောင်တို့ရဲ့။ ဆရာက ရေးလျှင် ခပ်စပ်စပ် ရေးချင်တတ်တဲ့ ဝါသနာကလည်း ရှိတယ်။ တော်တော်ကလေး ဆက်ရေးမိတဲ့အခါကျတော့ "တော်လောက်ပါပြီ" ဆိုတဲ့ ဝမ်နင်တစ်ခု ရတယ်။ ဝမ်နင်ရလို့မို နာကြည်းအောင် မရေးတော့ပါဘူးဆိုပြီး ဖော်ထုတ်ကြေညာလိုက်ခါမှ ဝရမ်နဲ့ဆိုတဲ့ ကလောင်ရှင် ပေါ်လာပြီး ဘလက္ကာရတွေ ရေးပါလေကော မောင်။

တိုး။ ။ ဆရာကြီး အဖို့ မှတ်သွားရောလားခင်ဗျား။

နုပ်။ ။ သူ့ကြောင့် မဟုတ်ပါဘူး။ လူတွေကို နာကျင်အောင် မရေးဖို့ ဝမ်နင်ရထားလို့ပါ မောင်ရယ်။ မေတ္တာဘာဝနာသမား တစ်ယောက် ဖြစ်လာမှတော့ ဒါမျိုးတွေကို ရှောင်ကြဉ်ခြင်း ဟာ ကောင်းတယ် မောင်တို့ရေ။ စာဖတ်ပရိသတ်ကတော့ ကိုယ့်ဘက်က ပါပဲ။ ဝရမ်နဲ့ ဆောင်းပါးကို ထည့်ပေးလိုက်တဲ့နောက် ဆရာတို့ ဘက်က မခံချင်လို့ ထောက်ခံရေးပို့ကြတဲ့ ဆောင်းပါးပေါင်း ၄၀ ရောက်လာပါတယ်။

တက်။ ။ ဒီပြင့်ကော ဆရာကြီး ဝမ်နင်ပေးတဲ့ သဘောမျိုး ရှုဖူးသေး လား ခင်ဗျား။

နုပ်။ ။ ရဖူးပါတယ်။ မေတ္တာဘာဝနာ အလုပ်နဲ့ ပတ်သက်လို့ တိုင်းပြည်ကို ဆော်နှိုးလိုက်တဲ့အခါမှာ လူဝတ်ကြောင်တွေ ထဲက တက်တက် ကြွကြွ ဖြစ်လာကြပြီး ဆရာ့ဆီကို စာတွေ အများကြီး ရေးပို့ကြပါတယ်။ သို့သော် ဆရာ ထင်ထားတဲ့ ပုဂ္ဂိုလ်ကြီးများ ထံမှ မျှော်လင့်သလောက် နိုးကြားမှု မရှိတဲ့အတွက် စိတ်အားလျော့တဲ့ အသံမျိုးနဲ့ ဆွေးနွေးခန်း တစ်ပုဒ် ရေးထည့်လိုက်ဖူးတယ်။

mgyoe.com

mgyoe.com

တက်။ ။ ကျွန်တော် ဖတ်လိုက်ရတယ် ဆရာကြီး။

နုပ်။ ။ ဆောင်းပါး ထည့်လိုက်ပြီးတဲ့နောက် သတိပေးချက် ရောက်လာတာပဲ မောင်။

တက်။ ။ ဘာတဲ့လဲ ဆရာကြီး။

နုပ်။ ။ သတိပေးချက်က သည်လိုပါမောင်။ မိမိ နားလည်သလို အစွမ်းကုန် ကြိုးစားပါ။ စိတ်ပျက် အားလျော့မှု မကြုံလိုလျှင် ကြိုတင်ပြီး တွက်ကိန်း မထုတ်ပါနှင့်။ သို့သော် မိမိနဲ့ ထိုက်တန်သလောက် အကျိုးကျေးဇူး ကျပ်ပြည့်တင်းပြည့် ကြုံတွေ့ရမည် ဆိုခြင်းကိုတော့ စိတ်ချ နှလုံးချ ယုံကြည်ထားပါလော့ မောင်ရဲ့။

တိုး။ ။ ဒါကို ဆရာကြီးက ဘယ်သူ့ဆီက ရသလဲခင်ဗျား။ စာလား၊ ပါးစပ်နဲ့ ပြောခြင်းလား ဆရာကြီး။ လူကိုယ်တိုင် မြင်ရသေးလား ခင်ဗျား။

နုပ်။ ။ သမ္မာဒေဝ အစရှိတဲ့ နတ်ကောင်းနတ်မြတ်များထံမှ ဖြစ်မှာပါပဲ။

တက်။ ။ ဘယ်လို သတင်းရပုံလဲ ဆရာကြီး။

နုပ်။ ။ အိပ်ရာမှ နိုးပြီး ထထိုင်လိုက်သည့်နှင့် တစ်ပြိုင်နက်၊ စိတ်ထဲမှာ ဖျပ်ခနဲ ပေါ်လာခြင်းဖြစ်တယ်မောင်။

တိုး။ ။ ဗမာလိုလား၊ အင်္ဂလိပ်လိုလား၊ ကုလားလိုလား ဆရာကြီး။

နုပ်။ ။ မပြောင်ကြပါနဲ့ မောင်တို့၊ ရွှတ်တွတ်တွတ် မလုပ်ကောင်းပါဘူး။

တက်။ ။ မလုပ်နဲ့လေ ကိုတိုးက။

တိုး။ ။ သည်းခံပါ ဆရာကြီးခင်ဗျာ။

နုပ်။ ။ ခုနင်က သတိပေးချက်မှာ စကားလုံးတွေ တော်တော်များသော်လည်း ဆရာကြီး စိတ်ထဲမှာတော့ လက်ဖျစ် တစ်တွက်

mgyoe.com

အတွင်း ဖြုန်းဆို အဓိပ္ပာယ်အားလုံး ပေါ်လာတယ် မောင်တို့ရဲ့။

တက်။ ။ အသံကြားလိုက်ရခြင်း မဟုတ်ဘူးလား ခင်ဗျား။

နုပ်။ ။ နားထဲမှာ ကြားရတဲ့အသံမျိုး မဟုတ်ပါဘူး။ ဉာဏ်ထဲမှာ တစ်ချက်တည်း ဖျပ်ခနဲ (လျှပ်ပြက်လိုက်သလို) ပေါ်လာတဲ့ သဘောမျိုး ဖြစ်ပါတယ်။

တိုး။ ။ ဘာသာစကားလုံးမပါဘူးလားဆရာကြီး။

နုပ်။ ။ စကားလုံးမပါဘူး။ အနက်သဘောချည်း ရိပ်မိလိုက်ခြင်း ဖြစ်ပါတယ်။

တက်။ ။ တယ်ဆန်းပါတကား ဆရာကြီး။ ဒါမျိုး ကြုံဖူးသေးလား ခင်ဗျာ။ အင်္ဂလိပ်လို့ အင်ကျူးရှင်း INTUITION ခေါ်မလား ဆရာကြီး။

နုပ်။ ။ ဒါမျိုးက ပရလောကမှ ပုဂ္ဂိုလ်များက လူသားများထံ သတင်း ပေးချင်တဲ့အခါမှာ အသုံးပြုတဲ့နည်း ဖြစ်ပါတယ်။ စကားလုံး မပါဘဲ အနက်သဘောချည်း သက်သက် ဆက်လွှင့်လိုက်ခြင်း ဖြစ်ပါလိမ့်မယ်။

တိုး။ ။ ဆက်သွယ်မှု ရလိုက်တော့ ဆရာကြီးမှာ ဘယ်လိုဖြစ်သွားလဲ ခင်ဗျား။

နုပ်။ ။ ဆရာ့မှာ ဉာဏ်ပွင့်သွားသပေါ့။ မိမိက ဤလောက် ဆောင်ရွက်လျှင် ဤမျှလောက် အကျိုးတရား ဖြစ်ထွန်း ထိုက်လေပြီလို့ ကိုယ့်ဟာကိုယ် တွက်ကိန်းထုတ်ပြီး မျှော်လင့်ထားမိတဲ့ အမှားကို ရုတ်တရက် မြင်လာပြီး ဖျောက်ဖျက်ပစ်နိုင်လို့ စိတ်သက်သာရာ ရသွားပေတယ်။ ပြီးတော့ မိမိ ကြိုးစားသလောက်ထိုက်တန်တဲ့ အကျိုးတရား ပေါ်ထွက်လာဖို့ အတွက်ကိုလည်း စိတ်ချရပြီး နှစ်သိမ့်မှု ရသွားတယ် မောင်တို့ရေ။

mgyoe.com

mgyoe.com


တိုး။ ။ ဆရာကြီး ခုပြောခြင်းဟာ မေတ္တာဘာဝနာ အလုပ်နဲ့ ပတ်သက်လို့ ပြောခြင်း မဟုတ်လား ခင်ဗျား။

နုပ်။ ။ ဟုတ်တာပေါ့ မောင်ရယ်။

တိုး။ ။ အရိပ်အငွေ့တော့ မြင်ရတယ် ဆရာကြီးရေ။

နုပ်။ ။ ဘယ်လိုလဲ မောင်။

တိုး။ ။ ဘုန်းကြီးများက ဆရာကြီးစာအတိုင်း လိုက်မရွတ်ကြပေမင့်။ ကမ္ဘာသူ ကမ္ဘာသားဆိုတဲ့ စကားလုံးကတော့၊ ဆရာကြီးဆီက ယူကြခြင်းဖြစ်မှာပါ။ သည်လောက်ဆိုလည်း မျှော်လင့်ချက်ရှိသပေါ့ ဆရာကြီးခင်ဗျား။

❖

mgyoe.com

mgyoe.com

## ဆွေးနွေးခန်း (၄)
## သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (ဃ)

**တက်။** ။ ကျွန်တော်တို့ လာကြပြီ ဆရာကြီး။

**ကျွန်ုပ်။** ။ ဟုတ်လားဟေ့…ထိုင်ကြကွယ်တို့။

**တက်။** ။ ဆရာကြီး အကြောင်းကို ကျွန်တော်တို့ သူငယ်ချင်း တစ်စု ဆွေးနွေးကြတယ်ခင်ဗျား။

**နုပ်။** ။ မင်းတို့က ဝေဖန်ကြတယ်ပေါ့လေ။ ဘာများလဲကွယ်တို့။

**တက်။** ။ မေတ္တာတရားနဲ့ အနတ္တတရားဟာ ဘယ်ဒင်းက အရေးကြီးသလဲ ဆရာကြီး။

**နုပ်။** ။ ဗုဒ္ဓဝါဒအရတော့ အနတ္တတရားက ပိုပြီးအရေးကြီးတယ်လို့ ဂေါတမဗုဒ္ဓ ကိုယ်တော်တိုင် ဟောတော်မူခဲ့ဖူးခြင်းကို ဆရာ ပြောပြဖူးတယ် မှတ်ပါတယ်။

**တိုး။** ။ ဒါဖြင့် ဆရာကြီးက မေတ္တာအကြောင်းချည်း ကျွန်တော်တို့ကို ဖိပြောနေသကိုး ခင်ဗျား။

mgyoe.com

နုပ်။ ။ ဆရာ ရှင်းပြပြီးသားကိုမောင်တို့က လာရှုပ်နေကြပြန်ပါပြီ။

တက်။ ။ ပြန်ရှင်းပါဦး ဆရာကြီးခင်ဗျား။

နုပ်။ ။ လောကအတွင်းမှာ မေတ္တာတရားဟာ အမြတ်ဆုံး၊ လောကမှ လွန်မြောက်တဲ့ တရားကတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေး သုံးပါးပဲရှိတယ် မောင်တို့ရဲ့။

တိုး။ ။ သစ္စာလေးပါးကော ဆရာကြီးရယ်။

နုပ်။ ။ သစ္စာလေးပါးတို့၊ ဗောဓိပက္ခိယတရား (၃၇)ပါးတို့ ဆိုတာ တွေဟာလည်း လက္ခဏာပေါက်ဖို့ လုပ်ငန်းတွေပါပဲ မောင်တို့၊ လိုရင်းကတော့ လက္ခဏာပါပဲ။

တက်။ ။ ဆရာကြီးအလုပ်လုပ်ပုံကို ကျွန်တော်တို့ လူစု ဆွေးနွေးကြ တယ် ဆရာကြီး၊ ကျွန်တော်တို့မှာ ရှုပ်ထွေးပြီး အူပေါက် နေပါတယ်ခင်ဗျား။

နုပ်။ ။ တရားအားထုတ်တော့မယ်ဆိုလျှင် ရှေးဦးစွာ ယုံကြည်မှုသဒ္ဓါ တရား ထက်သန်ရေးအတွက် ဂေါတမဗုဒ္ဓကို ကြည်ညို တတ်ရတယ် မောင်ရဲ့။

တိုး။ ။ အားထုတ်ကတည်းကယုံကြည်ပြီးသားပဲ မဟုတ်ဘူးလား ဆရာကြီး။

နုပ်။ ။ ယုံကြည်ခြင်းကနေပြီး သဒ္ဓါတရား ထက်သန်သည်ထက် ထက်သန်အောင် ဂေါတမဗုဒ္ဓ၏ ရုပ်တော်ဉာဏ်တော် စသည်များကို အာရုံယူပြီး လှိုက်လှဲစွာ ကြည်ညိုတတ် အောင် ကြိုးစားရမယ် မောင်တို့။

တက်။ ။ စသည်များ ဆိုတာ ဘာလဲ ဆရာကြီး။

နုပ်။ ။ ဆင်းတုတော် ရှေ့မှာ ထိုင်ပြီး ရွတ်ဆိုမှ ဘုရားရှိခိုးတယ် ထင်တဲ့ လူများအဖို့ကတော့ အစိန္တေယျလေးပါးတို့ ဘာတို့ တွေ လျှောက်ပြီး ရွတ်ဆိုကြတော့ပေါ့ မောင်တို့ရယ်။

mgyoe.com

mgyoe.com


တိုး။ ။ ဆရာကြီး ပြောဖူးပါတယ်။ သဗ္ဗညုတ်တော်နဲ့ စိတ်တော် အကြောင်းကို ဆရာကြီးက အာရုံပြုတယ်ဆို မဟုတ်လား ခင်ဗျား။

နုပ်။ ။ မောင်တို့ ကြားဖူးသားပဲ။ အနှည်ကြီး ပြောပြဖို့ မလိုပါဘူး။ ကြည်ညိုဖွယ် အကောင်းဆုံး ရုပ်တော်ကို ဖန်ဆင်းပြီး ငြိမ်းချမ်း ကြည်လင် ဖြူစင် သိမ်မွေ့သော စိတ်တော်ကို မှန်းဆဖော်ထုတ်လိုက်တယ် မောင်တို့ရဲ့။

တက်။ ။ တန်ခိုးတော် မပါဘူးလား ဆရာကြီး။

နုပ်။ ။ လေးပါးလုံး ပြည့်အောင်ထည့်ချင်လည်း ထည့်ပါမောင်၊ ဆရာအဖို့ကတော့ တန်ခိုးကြီးခြင်းထက် ဉာဏ်ကြီးခြင်း ကို ပို၍ ကြည်ညိုတစ်တဲ့အတွက် စိတ်တော်ကို အလေးပေး ပြီး ကြည်ညိုလေ့ ရှိပါတယ်။

တိုး။ ။ အကျိုးတရားက ဘယ်လိုလဲ ဆရာကြီး။

နုပ်။ ။ စိတ်တော်ကို ကြည်ညိုနေကျဖြစ်တဲ့ ဆရာ့အဖို့မှာတော့ စိုးရိမ် ကြောင့်ကြမှုတို့၊ အလိုမကျမှု စသည်တို့ကြောင့် နောက်ကျိသော စိတ် ဖြစ်ပေါ်လာတဲ့ အခါတိုင်း ငြိမ်းချမ်း ကြည်လင် ဖြူစင် သိမ်မွေ့သော ဗုဒ္ဓ၏ စိတ်တော်ကို ဖော်ထုတ် ကြည်ညို လိုက်သည်နှင့် တစ်ပြိုင်နက် နောက်ကျိ ညှိုးငယ်သော စိတ်တို့သည် နွမ်းသော ပန်းကို ရေဖျန်းလိုက်ဘိသကဲ့သို့ ချက်ချင်းလက်ငင်း လတ်ဆတ် ရွှင်လန်း လာခဲ့တယ် မောင်တို့ရေ။

တက်။ ။ ကတ်တယ်လို့ မငေါက်ပါနဲ့ မေးပါရစေ ဆရာကြီး ခင်ဗျား။

နုပ်။ ။ မေးပါ မောင်။

တက်။ ။ မော်စကိုရောက်တုန်းက ငွေ(၇၅)ပေါင် ပျောက်တဲ့အခါမှာ ဆရာကြီးဟာ ဘုရား အာရုံပြုရုံနဲ့ မပြီးဘူးလား ဆရာကြီး။

နုပ်။ ။ တယ်လာတဲ့ လူပါတကားဟေ့။ အနာနဲ့ ဆေး သင့်အောင်

mgyoe.com

mgyoe.com


ပေး ဆိုတဲ့စကား ရှိတယ်မောင်။ ခေါင်းကိုက်တော့ အဲစ်ပရင်နဲ့ ပျောက် သော်လည်း တိုက်ဖွိုက် လိုဟာမျိုးတော့ ထက်တဲ့ဆေး ရှာသောက်ရတာမျိုးပေါ့ မောင်ရယ်။

တက်။ ။ နားလည်ပါပြီ ဆရာကြီး ခင်ဗျား။ သည့်ပြင်ကော ဆရာကြီး။

နုပ်။ ။ သည်နောက်ပိုင်းမှာ ဆရာ့သဘောက ထွက်မြောက်ရေးဖြစ်တဲ့ အနတ္တအလုပ်ထက် တိုင်းပြည်အတွက်၊ ကမ္ဘာအတွက် ကြိုးစားပေးဖို့ စိတ်ကူးပေါ်လာပြန်လို့မို့ မေတ္တာဘာဝနာ အလုပ်ကို အလေးပေးထားပြန်ပါတယ်။

တိုး။ ။ နတ်ကောင်းများက သတိပေး တိုက်တွန်းခြင်းဆို ဆရာကြီး။

နုပ်။ ။ ထားပါဇတော့လေ၊ နေရာတကာတိုင်းမှာ နတ်တွေကို ထည့်ပြော မနေပါရစေနဲ့။ နတ်ထိန်းဖြစ်သွားပြီလို့ ပြောနေကြ ပါဦးမယ်။

တက်။ ။ သူရသတီဒေဝီကို ဆရာကြီး ကိုးကွယ်တယ်ဆို။

နုပ်။ ။ ဘယ်ကလာ ကိုးကွယ်ရမှာလဲ မောင်၊ လုပ်ဖော်ကိုင်ဖက် အဖြစ်နဲ့ သဘောထားခြင်းပါ။ ရတနာသုံးပါးမှ လွဲပြီး ဘယ်သူ့ကိုမှ ဆရာ မကိုးကွယ်တတ်ဘူး မောင်ရေ။

တက်။ ။ ဘုန်းတော်ကြီးတော့ ကိုးကွယ်တယ် ဟုတ်လား ဆရာကြီး။

နုပ်။ ။ သံဃာတစ်ဖွဲ့လုံးအနေနဲ့ ဆရာကိုးကွယ်တယ်။ တစ်ပါးစီအနေနှင့်ကတော့ ရွေးချယ်ပြီး ကိုးကွယ်တယ် မောင်တို့ရယ်။

တက်။ ။ ချဲ့ပါဦး ဆရာကြီး။

နုပ်။ ။ တော်ပါပြီ။ မောင်တို့မှာ ဦးနှောက်ပါတယ် ဟုတ်လား။

တိုး။ ။ ဒုလ္လဘရဟန်းကော ဆရာကြီး။

နုပ်။ ။ တော်ပါပြီ မောင်တို့ရယ်။ သူတို့ဟာ သူတို့ ဘာ လုပ်ကြလုပ်ကြ ဆရာတော့ မသွားပေါ့။

mgyoe.com

mgyoe.com


တက်။ ။ ရှိမခိုးဘူးလား ဆရာကြီး။

နုပ်။ ။ သွားမှမသွား၊ တွေ့မှမတွေ့ရဘဲနဲ့။ ဘာရှိခိုးစရာ ရှိသလဲ မောင်။

တက်။ ။ ဒုလ္လဘရဟန်းကော၊ ရှိခိုး မခံထိုက်ဘူးလား ဆရာကြီး။

နုပ်။ ။ ခိုးချင်တဲ့လူများခိုးကြပေါ့၊ ဆရာအမြင်ကတော့ မယားနဲ့ ပုဂ္ဂိုလ်မို့ မိမိထက် ငယ်လျှင် ရှိခိုးဖို့ ခက်တယ်မောင်။

တက်။ ။ မယားနဲ့ အတူတူ မနေလျှင်ပြီးရော မဟုတ်လား ဆရာကြီး။

နုပ်။ ။ ကြိုက်သလို လုပ်ကြပေါ့ မောင်တို့။ ဆရာ့အဖို့ကတော့ စိတ်မသန့်လို့ မလုပ်ချင်ဘူးမောင်။

တိုး။ ။ ဗုဒ္ဓကိုကြည်ညိုပြီး နောက်ကို ဘာလုပ်သလဲ ဆရာကြီး။

နုပ်။ ။ မေတ္တာပို့တယ် မောင်။

တက်။ ။ ကမ္ဘာသားအချင်းချင်း သင့်သင့်မြတ်မြတ်၊ ကြင်ကြင်နာနာ၊ ကိုယ်ချင်းစာလျက်၊ သဒ္ဓါကြည်ဖြူ ကူညီစောင်မနိုင်ကြပါစေသတည်းလား ဆရာကြီး။

နုပ်။ ။ ဟုတ်တာပေါ့ မောင်။

တိုး။ ။ ကမ္ဘာသားအချင်းချင်းဆိုမည့်အစား "သဗ္ဗေသတ္တာ"ဆိုလျှင်လည်း အတူတူပဲ မဟုတ်ဘူးလား။

နုပ်။ ။ ပါဠိရွတ်ရမှကောင်းတယ်လျှင်လည်း ရွတ်ကြပါ။ သို့သော် "သဗ္ဗေသတ္တာ" ဆိုရတာနဲ့ ကမ္ဘာသားအချင်းချင်း ဆိုရခြင်းနဲ့ စိတ်နှလုံးကို ဘယ်သင်းက ပိုပြီး ထိခိုက်သလဲ မောင်ရယ်။

ဦးထုပ်နဲ့ လူရော၊ ခမောက်နဲ့ လူရော၊ ခေါင်းပေါင်းနဲ့လူရော၊ ပေါင်းထုပ်ကြီးနဲ့ လူရော၊ ခေါင်းတုံးနဲ့ လူရော၊ လူအမျိုးမျိုး မျက်စိထဲမှာ မြင်လာတယ်မောင်။

တက်။ ။ ရုပ်သဏ္ဍာန်ပေါ်ဖို့ လိုသေးလားခင်ဗျား။ စိတ်က ညွှတ်လိုက်လျှင် လုံလောက်တယ် မဟုတ်လား ဆရာကြီးရယ်။

mgyoe.com

mgyoe.com

နုပ်။ ။ သင့်မြတ်ခြင်းတို့၊ ကိုယ်ချင်းစာခြင်းတို့ ဆိုတဲ့အခြင်းအရာများကတော့စိတ် အလုပ်တွေပေါ့မောင်။ သို့သော် ဘယ်သူနဲ့ သင့်မြတ်ရမည်ဆိုတဲ့ ကိစ္စကျတော့ သဗ္ဗေသတ္တာဆိုတဲ့ ဝိုးဝါးသဘောမျိုးထက် အကောင်အထည်ဖော်ခြင်းက ပိုပြီး ထိခိုက်တယ် ဟုတ်လား မောင်တို့။

တိုး။ ။ လူတွေက ဗုဒ္ဓစာပေကို ပြင်ချင်တယ်လို့ မဆိုကြပေဘူးလား ခင်ဗျား။

နုပ်။ ။ သူ့စေတနာနဲ့သူ ဆီလျော်အောင် လုပ်ခြင်းကပို၍ အဓိပ္ပာယ်ရှိတယ် ဟုတ်လား မောင်ရယ်။

တက်။ ။ ဆရာကြီးက ဆိုထားတယ်။ ဆုတောင်းမေတ္တာပို့ကလေးကို တစ်ပြိုင်နက်တည်း ရွတ်ဆိုကြလျှင် သိပ်အကျိုးရှိတယ်ဆို။

နုပ်။ ။ သည်လိုပါ မောင် "သဗ္ဗေသတ္တာ" ရွတ်တာမျိုးလို စိတ်က စဉ်းစားချင်ရာ စဉ်းစားပြီး နှုတ်က ရွတ်ရုံရွတ်လို့တော့ ကျေးဇူးတရား များလှမည် မဟုတ်ပါဘူး။

တိုး။ ။ နို့ ဘယ်လိုလဲ ဆရာကြီး။

နုပ်။ ။ တစ်ပိုဒ်စီ တစ်ပိုဒ်စီ သူ့အနက် အဓိပ္ပာယ်ကို စိတ်ထဲက နှလုံးသွင်း သွားရမယ် မောင်ရေ။

တက်။ ။ ဥပမာပြပါ ဆရာကြီး။

နုပ်။ ။ ကမ္ဘာသားအချင်းချင်း ဆိုခိုက်မှာ တိုင်းပြည်သား အမျိုးမျိုးရဲ့ ပုံသဏ္ဌာန်တွေကို စိတ်မှာ ပေါ်လာစေရမယ်။

တိုး။ ။ လူမျိုးတွေက အများကြီးခင်ဗျ။ ဖော်နိုင်ပါ့မလား ဆရာကြီး။

နုပ်။ ။ တယ်ကတ်တဲ့လူပဲ၊ မလုပ်တတ်လျှင် အရုပ်ကို အာရုံပြုပေါ့ မောင်။

တိုး။ ။ ဟုတ်ကဲ့ ဆရာကြီး။

mgyoe.com

mgyoe.com


နုပ်။ ။ သင့်သင့်မြတ်မြတ်ဆိုတဲ့ စကားလုံးက သိပ်အရေးကြီးတယ်။ လက်တွဲနေတဲ့ အရုပ်ကလေးကို ဖော်လိုက်ပြီး သင့်မြတ်တဲ့ သဘောထား၏ အနက်အဓိပ္ပာယ်ဟာ စိတ်ထဲမှာ ပေါ်လာ စေရမယ် မောင်ရေ။

တက်။ ။ စကားလုံးက နည်းပြီး အဓိပ္ပာယ်က ကျယ်ဝန်းလေတော့ ရွတ်ဆိုလို့ မိနိုင်ပါ့မလား ဆရာကြီး။

နုပ်။ ။ စိတ်ဟာ အလွန်လျင်မြန်ပါတယ်။ နေ့တိုင်း အကြိမ်များစွာ ထပ်ကာ ထပ်ကာ ရွတ်ဆိုထားတဲ့ အခါကျတော့ ရွတ်ဆို သလောက် စိတ်က လိုက်နိုင်ပါတယ်။

တက်။ ။ ဆရာကြီးကော တစ်နေ့ဘယ်နှခါ ရွတ်ပါသလဲ ခင်ဗျား။

နုပ်။ ။ စစ်ရေးပူတဲ့ ခေတ်ကြီး ရောက်နေလို့ နေ့ရော ညရော တစ်ထောင်ကျော်ပါတယ် မောင်။

တက်။ ။ အချိန် ဘယ်လောက်ကြာမလဲ ဆရာကြီး။

နုပ်။ ။ သုံးမိနစ်မှာ ၁၀ ခေါက်၊ တစ်နာရီမှာ (၂၀၀)၊ တစ်ထောင် ဆိုတော့ (၅)နာရီပေါ့ မောင်။

တိုး။ ။ တစ်ထိုင်တည်း ဆက်ရွတ်သလား ခင်ဗျား။

နုပ်။ ။ မဟုတ်ပါဘူး။ တစ်ခါရွတ်လျှင် (၅)မိနစ်၊ (၁၀)မိနစ်၊ ခဏခဏ သတိရတိုင်း ရွတ်ခြင်းပါပဲ။

တက်။ ။ သည်လို ကြာကြာရွတ်တာ ဘယ်လောက်ရှိသွားပြီလဲ ဆရာ ကြီး။

နုပ်။ ။ တဖြည်းဖြည်း တိုးလာခြင်းပါ။ အထူးသဖြင့် ဦးသန့် ပြန် သွားပြီးတဲ့ နောက်မှာ ကမ္ဘာအတွက် ပိုပြီး စိုးရိမ်လာလို့ ခဏ ခဏ အာရုံပြုပါတယ်။

တိုး။ ။ ဆရာကြီးမှာ ဒိပြင် အလုပ်မရှိဘူးလား။

mgyoe.com

mgyoe.com


နုပ်။ ။ ဗုဒ္ဓကို ခဏခဏ အာရုံပြုခြင်းကလည်း စုစုပေါင်း တစ်နာရီ ကျော်ကျော်လောက် ကြာပါလိမ့်မယ်။

တက်။ ။ သည့်ပြင်ကော ဆရာကြီး။

နုပ်။ ။ သတိပဋ္ဌာန် အလုပ်ဖြစ်တဲ့ ဒိဋ္ဌေဒိဋ္ဌမတ္တံအတွက်လည်း နှစ်နာရီလောက် ကြာတတ်ပါတယ်။ တစ်ဆက်တည်းတော့ မဟုတ်ပါဘူး။

တိုး။ ။ ဆရာကြီးက သင့်သင့်မြတ်မြတ်လို့ နှလုံးသွင်းပေမင့် လူအများနဲ့ သင့်မြတ်ရဲ့လား ဆရာကြီးခင်ဗျား။

နုပ်။ ။ သူတစ်ပါးကတော့ မပြောတတ်ဘူး။ ဆရာ့ ကိုယ်နှိုက် ကတော့ ပျက်စီးစေချင်လောက်အောင် မုန်းတီးတဲ့ လူမျိုး မဟုတ်ပါဘူး မောင်။

တက်။ ။ ပိုတဲ့အချိန်တွေမှာတော့ ဆရာကြီး ဘာလုပ်သလဲခင်ဗျား။

နုပ်။ ။ မောင်တို့နဲ့ ဆွေးနွေးဖို့အကြောင်းကလေးတွေကို စဉ်းစားလေ့ ရှိပါတယ်။

တက်။ ။ တောင်တောင်မြောက်မြောက်တွေကော မစဉ်းစားမိဘူးလား ဆရာကြီး။

နုပ်။ ။ ထွေရာလေးပါး ပေါက်တတ်ကရ ဗရွတ်ရွှတ်တွေ စဉ်းစား ခြင်းမျိုးချုပ်ထိန်းဖို့ ကြိုးစားလာတာ တော်တော်ကြာပါပြီ မောင်။

တက်။ ။ လုံးလုံးကင်းသလား ခင်ဗျား။

နုပ်။ ။ လုံးလုံးတော့ မတတ်နိုင်သေးဘူးပေါ့ မောင်ရယ်။

တိုး။ ။ ပါတီတွေ ဘာတွေ သွားတော့ကော ဆရာကြီး။

နုပ်။ ။ တောင်စကား မြောက်စကားတော့ ပြောမိတတ်ပါတယ်။ သို့သော် သူတစ်ပါးထက်တော့ နည်းပါတယ်။

mgyoe.com

mgyoe.com

တက်။ ။ ဘာကြောင့် ဆရာကြီးက ဒါလောက် ကြိုးစားပါသလဲ ခင်ဗျား။

နုပ်။ ။ ဆရာက အမေရိကန်ရမ်းမှာကို ကမ္ဘာ့အတွက် လန့်တယ် မောင်။

တိုး။ ။ အမေရိကန်ရမ်းလိမ့်မယ် ဆိုခြင်းကို ဘယ်လို အရိပ် နိမိတ်မျိုး အကဲခတ်မိသလဲ ဆရာကြီး။

နုပ်။ ။ နံပါတ်(၁) သူတို့တိုင်းပြည်မှာ လူကြိုက်များတဲ့ သမ္မတ ကင်နေဒီကို လုပ်ကြံသတ်ဖြတ်တဲ့အပြင် သည်အမှုဟာ လည်း ယနေ့ထိ ပွစိပွစိ ရှိနေသေးခြင်းက တစ်ချက်မောင်ရဲ့။

တက်။ ။ နံပါတ်(၂) လူတစ်ယောက်က သူနာပြု ဆရာမလေး ရှစ်ယောက်ကို တစ်ယောက်ချင်း ခေါ်ခေါ်ပြီး လှီးသတ်သတဲ့ မောင်တို့ရယ်။ တခြား ပြည်များမှာဆိုလျှင် မိန်းကလေး နှစ်ယောက် သုံးယောက်ဆိုလျှင်တောင် ပွက်ပွက်ရိုက်အောင် ရုန်းကန်ခြင်း၊ အော်ဟစ်ခြင်း၊ ပြုကြမည် ဧကန်ပါပဲ။ အခုတော့ အမေရိကန်သူကလေး ရှစ်ယောက်တောင်ဟာ တစ်ခွန်းမှ မအော်မဟစ်ဘဲ တစ်ယောက်စီ တစ်ယောက်စီ သိုးကလေးများလို လည်လှီး ခံကြသတဲ့ မောင်တို့ရယ်။ သရဲစီးနေတဲ့ လက္ခဏာပေါ့။

တိုး။ ။ ဟုတ်ကဲ့ ဆရာကြီး။

နုပ်။ ။ နံပါတ်(၃) လူတစ်ယောက် တက္ကသိုလ်မျှော်စင်ပေါ်တက်ပြီး ခရီးသည် ကျား မ ၁၄ ယောက်ကို တစ်ယောက်စီ သေနတ်နဲ့ ပစ်သတ်တယ်။ မျှော်စင်ပေါ် မတက်မီ သူ့မယားနဲ့ အမေ ကိုလည်း သတ်ခဲ့သေးသတဲ့၊ ဘယ်ပြည်မှာများ ကြားဖူးသလဲ မောင်တို့ ရယ်၊ အကြောင်းမဲ့ ရက်စက်မှုမှာ ကမ်းကုန်ရော မဟုတ်ဘူးလား။

တက်။ ။ ဟုတ်ကဲ့ဆရာကြီး။

နုပ်။ ။ နံပါတ်(၄) မိုင်တစ်သောင်းကျော် ဝေးတဲ့ ဗီယက်နမ်သို့

mgyoe.com

mgyoe.com

ဘာအကျိုးကျေးဇူးမှ မရှိပါဘဲနဲ့ လူတွေကို စေလွှတ်ပြီး ဟိုဘက် သည်ဘက်၊ သူသေကိုယ်သေ တိုက်ခိုက်စေသတဲ့ မောင်တို့ရယ်၊ ကြဲ့ဖူးကြားဖူးကြလား။

တိုး။ ။ရှေးကလည်းနယ်ချဲ့သမားတွေ လုပ်ခဲ့ကြသားပဲဆရာကြီး။

နုပ်။ ။ ရှေးကတုန်းကတော့ ပစ္စည်း ရချင်လို့ လုပ်ခဲ့ကြတယ်။ ဗီယက်နမ်မှာတော့ ဘာမှ မရတဲ့အပြင် ဒေါ်လာကို ပင်လယ်ဆေအောင် သွန်ချပြီး ဖြုန်းတီးပစ်သတဲ့ မောင်တို့ရယ်။ လူတွေ သည်လောက်ဆောင် ရူးနေမှတော့ ကမ္ဘာသားတွေအဖို့ ဆရာစိုးရိမ်တာပေါ့ မောင်တို့ရယ်။

❖

mgyoe.com

mgyoe.com

## ဆွေးနွေးခန်း (၅)
## သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (င)

တက်။ ။ ကျွန်တော်တို့ ရောက်လာကြပါပြီ ဆရာကြီး။

ကျွန်ုပ်။ ။ သည်တစ်ခေါက် တော်တော် ငုပ်ကြသကိုး မောင်တို့။

တိုး။ ။ ဆရာကြီးက မေတ္တာဘာဝနာ အလုပ်နဲ့ အနတ္တလက္ခဏာ အလုပ်ကို အချိန်တော်တော်များများပေးပြီး ကြိုးစားနေတယ် ကြားလို့ တစ်ပတ်မှာ တစ်ခေါက်လောက်သာ လာကြဖို့ တိုင်ပင်ထားပါတယ် ဆရာကြီး။

နုပ်။ ။ အေး... ကောင်းတယ် မောင်တိုး၊ သည်တစ်ခေါက် ဘာ အကြောင်း ဆွေးနွေးဖို့ ပါကြသလဲ မောင်။

တက်။ ။ တစ်နေ့က ဆရာကြီး ပြောလိုက်ပါတယ်၊ မိမိထက် အသက် ငယ်တဲ့ ရဟန်းဆို ဆရာကြီး ရှိမခိုးဘူးဆို။

နုပ်။ ။ ဘယ်တော့က ငါ ပြောလို့လဲကွယ်၊ စေ့စေ့စပ်စပ် နားထောင် ကြပါ မောင်တို့ရယ်။ ဆရာ ပြောခြင်းက ကိုယ့်ထက်ငယ်တဲ့

mgyoe.com

mgyoe.com


ဒုလ္လဘရဟန်းကိုဆိုလိုပါတယ်၊ ရဟန်းစစ်စစ်ကိုတော့ ယနေ့သိမ်ကထွက်၊ ယနေ့ ရှိခိုးဦးချဖို့ အဆင်သင့်ပါ မောင်တို့ရယ်။

တိုး။ ။ ကိုင်း… ဆရာကြီး တစ်ခုတောင်းပန်ပါရစေ ခင်ဗျာ၊ ဒုလ္လဘရဟန်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လူငယ်တွေ နားလည်သွားအောင် ရှင်းရှင်းပြတ်ပြတ် ပြောပြလိုက်စမ်းပါ ဆရာကြီး ခင်ဗျား။ဒုလ္လဘရဟန်းနဲ့ စပ်လျဉ်းပြီး ဂေါတမဗုဒ္ဓက တိတိကျကျ ဟောတော်မူချက်များ ရှိပါသလား ခင်ဗျာ ။

နုပ်။ ။ဆရာ ခပ်ငယ်ငယ် ဒုလ္လဘရဟန်း ပေါ်စကတည်းက ရှေးဆရာတော်ကြီးများကို လျှောက်ထား မေးမြန်းခဲ့ဖူးပါတယ်။ ဒုလ္လဘရဟန်း ကိစ္စနဲ့ ပတ်သက်လို့ ဗုဒ္ဓ ဟောတော်မူချက် မရှိပါဘူးတဲ့၊ ဗုဒ္ဓရဲ့ ထုံးစံက ကိစ္စတစ်ခု ပေါ်လာခါမှ အဆုံးအဖြတ် ပေးလေ့ရှိပါတယ်တဲ့။ ဒုလ္လဘရဟန်းအကြောင်း ဟိုတုန်းက ပြဿနာ မပေါ်ခဲ့ဖူးလို့ ဗုဒ္ဓ ဟောတော်မူချက်တော့ မရှိပါဘူးတဲ့။

တက်။ ။ ဒါဖြင့် ဆရာကြီးက ဘယ်နှယ့်ကြောင့် ရဲရဲတင်းတင်းကြီး ပြောပါသလဲ ဆရာကြီးရယ်။

နုပ်။ ။ ဆရာတော်ကြီးများရဲ့ စကားရိပ်လည်း ရှိတယ်။ မိမိ ဝါသနာအတိုင်း ကိစ္စတစ်ခုကို ဉာဏ်မီသလောက် သဘောဆိုက်အောင် စဉ်းစားယူတတ်တဲ့ အလေ့အကျင့်လည်း ရှိတယ်။ ကိုယ့်စိတ် မသန့်လျှင် လူတွေလုပ်တိုင်း လိုက်မလုပ်ချင်တတ်ဘူး မောင်ရဲ့။

တိုး။ ။ ဒုလ္လဘရဟန်းကို ရှိခိုးရတာ မသဒ္ဓါလို့လား ဆရာကြီး။

နုပ်။ ။ ဒါက အကြောင်းရင်း မဟုတ်ပါဘူး မောင်ရယ်။ သာသနာတော်ကြီး သန့်ရှင်းစင်ကြယ်စေလိုတဲ့ စေတနာက အကြောင်းရင်းပါမောင်။

တက်။ ။ ရှေးဆရာတော်ကြီးများက ဘယ်လို မိန့်တော်မူဖူးပါသလဲ ဆရာကြီး။

mgyoe.com

နုပ်။ ။ ဘုန်းကြီးကျောင်းမှာ ဆရာရှိနေခိုက် ဒုလ္လရဟန်းသစ် တစ်ပါးက ကျောင်းပေါ်တက်ပြီး ဆရာတော်ကို ဝတ်ချတယ်။ သည်တော့ ဆရာတော်က ဘာလဲကွယ့်။ မောင်ပဥ္စင်းလားတဲ့ မေးလိုက်ရာမှာ ရဟန်းသစ်ဟာလည်း ကပျာကယာ ဝတ်ချပြီး ဆင်းပါလေရော့ မောင်တို့။

တိုး။ ။ ပြီးရော့လား ဆရာကြီး။

နုပ်။ ။ ရဟန်းသစ် ဆင်းသွားတဲ့နောက် ဆရာတော်ကို ဆရာက လျှောက်ကြည့်တော့ ဆရာတော်က ရှေးကကြားဖူးပေါင်ကွယ်။ ဒီခေတ်မှာမှ ဘုန်းကြီး တချို့က ငှက်ပျောသီး အုန်းသီးကလေး ရအောင် မယားတန်းလန်းနဲ့ လူတွေကို ရဟန်းပြုပေးနေကြတာပါတဲ့ မိန့်တော်မူတယ်။

တက်။ ။ ဆရာကြီးကကော သည်လိုပဲ ယူဆသလားခင်ဗျား။

နုပ်။ ။ သူတို့ဆရာတော်ချင်းတော့ ပြောချင်သလို ပြောလိုက်တာပေါ့ မောင်။

တိုး။ ။ ဘယ်လိုလဲ ဆရာကြီး။

နုပ်။ ။ ကြာရှည် မဝတ်နိုင်ဘဲ ခဏတစ်ဖြုတ် ရဟန်းဖြစ်ချင်တဲ့ လူတွေက နားပူကြလေတော့ အားနာပါးနာနဲ့ ဆရာတော်ကြီး တချို့က ခွင့်ပြုလိုက်ရာမှ အစဉ်အလာ တစ်ခုလိုလို ဖြစ်နေခြင်းနဲ့ တူပါတယ်။

တက်။ ။ တချို့လူတွေကတော့ ကုသိုလ် အကြီးအကျယ်ရတဲ့ အလုပ်တစ်ခုလို့ ယူဆကြလေသလား ဆရာကြီး။

နုပ်။ ။ ဗုဒ္ဓက သံဃာအဖွဲ့အစည်း တည်ထောင်တော်မူခဲ့ခြင်းဟာ လူတွေ ကုသိုလ်ရအောင် ရည်ရွယ်ခြင်း မဟုတ်နိုင်ပါဘူး မောင်တို့။ သာသနာတော်အတွက် ရည်ရွယ်ခြင်းပါ။

တိုး။ ။ နို့ လူတွေ ကုသိုလ် မရစေရတော့ဘူးလား ဆရာကြီး။

mgyoe.com

mgyoe.com

နုပ်။ ။ ကုသိုလ်ရချင်လျှင် သာမဏေ ဝတ်နိုင်ပါတယ်။ ဥပသမ္ပဒကံ ဆောင်ခြင်း အလုပ်ဆိုတာ အလွန်တရာ ကြီးကျယ်တဲ့ အလုပ်မျိုးမို့ မယားတန်းလန်းနဲ့ လူပုဂ္ဂိုလ်များ စိတ်ကူးခြင်းငှာ မထိုက်ပါဘူး။ နေ့မြင်ညပျောက်ဆိုတဲ့ ရဟန်းမျိုးတွေအတွက်ကြောင့် သာသနာတော်ကြီးမှာ ဂုဏ်ကျက်သရေ တိုးတက် နိုင်သလားလို့ မောင်တို့ပဲ စဉ်းစားကြည့်ပါ။

တက်။ ။ ညအချိန်မှာ အိမ်ပြန်အိပ်ကြတယ်လို့ ဆရာက စွပ်စွဲသလားခင်ဗျာ။

နုပ်။ ။ သည်လို မဟုတ်ပါဘူး။ ဟိုတလောက လူတစ်ယောက်ဟာ နံနက်ခင်းမှာ ရဟန်းခံပြီး ညနေပိုင်းကျတော့ လူဝတ်လဲသွားတယ်လို့ ကြားရဖူးလို့ပါမောင်။ စင်စစ်ကတော့ ရဟန်းပရိသတ် ငါးပါး ရအောင်ရှာ၊ သိမ်ထဲဝင် ကမ္မဝါတွေဘာတွေညှပ်၊ ကိန်းကြီးခန်းကြီးနဲ့ လူတွေဖိတ်ပြီး ရက်တစ်ပတ်လောက် နေတယ်ဆိုတာလည်း ဆရာပြောသလို နေ့မြင်ညပျောက် ခေါ်ထိုက်တာပါပဲ မောင်တို့ရယ်။

တိုး။ ။ ဗုဒ္ဓလက်ထက်တော်ကကော ဒုလ္လဘရဟန်း မပြုကြဘူးလားဆရာကြီး။

နုပ်။ ။ တိုက်ရိုက် ဆိုမထားသော်လည်း ထောက်ချင့်စရာ အချက်အလက်တွေ ရှိပါတယ် မောင်။

တက်။ ။ ကြားပါရစေ ဆရာကြီး။

နုပ်။ ။ (၁) အချက်၊ ဘုရားဖြစ်စ အချိန်မှာ ဗုဒ္ဓဟာ သံဃာ ရသမျှစုဆောင်းတော်မူဖို့အတွက် ရဟန်းပြုလိုတဲ့ လူဆိုလျှင် ချက်ချင်း ပြုပေးလိုက်တော်မူတယ်။ သားတော် ရာဟုလာကလေးကိုလည်း သာမဏေ ဝတ်ပေးလိုက်တာပဲ မောင်တို့ရဲ့။ သည်အခါမှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက မြေးကလေး ပါသွားလို့ ယူကျုံးမရဖြစ်ပြီး၊ ဗုဒ္ဓကို လျှောက်သတဲ့။ ထို့ကြောင့် နောက်နောင်အခါမှာ မိဘ ခွင့်မပြုဘဲ

mgyoe.com

သာမဏေဖြစ်စေ၊ ရဟန်းဖြစ်စေ၊ သာသနာဘောင်သို့ သွတ်သွင်းပေးတော် မမူပါနှင့်၊ မိဘများက ခွင့်ပြုမှသာ ဝတ်ပါစေ အရှင်ဘုရားလို့ တောင်းပန် လျှောက်ထားသည့်အတွက် ဗုဒ္ဓက လိုက်လျောတော်မူပြီး မိဘထံ ခွင့်ပန်ကြဖို့ ပညတ်တော် မူတယ် မောင်တို့။

တိုး။ ။ ဒါကတော့ ဟုတ်ပါပြီ။ ဒုလ္လဘရဟန်းနဲ့ ဘယ်လို ဆိုင်ပါ သလဲ ဆရာကြီး။

နုပ်။ ။ သည်လိုပါ မောင်။ အကယ်၍ ဟိုတုန်းက ရဟန်းပြုတဲ့ ပုဂ္ဂိုလ်များထဲမှာ မယားတန်းလန်းနဲ့ လူများ ပါခဲ့လို့ရှိလျှင် မယားများထံမှ အခွင့်တောင်းပါစေလို့ သုဒ္ဓေါဒန မင်းကြီးက လျှောက်ထားဖို့ ကောင်းပါတယ်။ မိဘများထံမှ ခွင့်တောင်းပါစေလို့ ဘုရားလို့ လျှောက်ထားခြင်းကို ထောက်ခြင်းအားဖြင့် ဟိုတုန်းက ရဟန်း ပြုကြတဲ့ ပုဂ္ဂိုလ်များသည် မယားလက်ကိုင် မရှိသေးတဲ့ "လူပျို" တွေချည်း ဖြစ်ရမယ်ဆိုခြင်းဟာ ထင်ရှားတယ် မဟုတ်လား မောင်တို့ရယ်။

တက်။ ။ တော်တော်စဉ်းစားတဲ့ ဆရာကြီးပဲ။ ယုတ္တိရှိပေတယ်ခင်ဗျာ။

နုပ်။ ။ တစ်ချက်ကလည်း ဟိန္ဒူတိုင်းပြည်ဆိုတာ မယားယူမိတယ် ဆိုလျှင် ကွာရှင်းတဲ့ ထုံးစံလည်း မရှိဘူး မောင်တို့ရဲ့။ ဒါကြောင့် ဂေါတမဗုဒ္ဓရဲ့ သာသနာတော်ထမ်း ရဟန်းတွေ ဟာ လူပျိုတွေ သော်လည်းကောင်း၊ မုဆိုးဖိုကြီးတွေ သော်လည်းကောင်း ဖြစ်ရမယ်။ ခေတ္တဝတ်တဲ့ ဒုလ္လဘရဟန်းလို့ မရှိနိုင်ပေဘူး မောင်။

တိုး။ ။ ဆာဝါယောက်ျားကြီး ဥပကကော ဆရာကြီးရယ်။

နုပ်။ ။ ဒါမျိုးက တစ်ယောက်တလေပဲ။ ဒါတောင် ဥပကဟာ ခေတ္တဝတ်တဲ့(ဒုလ္လဘ) ရဟန်းမျိုး မဟုတ်ပါဘူး။ ဆာဝါနဲ့ ခွဲထွက်လာခဲ့ပြီး တစ်ခါတည်း ဝတ်တဲ့ ရဟန်းပါမောင်။ သည်ခေတ်မှာတော့ တောထွက် ခေါ်တာပေါ့။

တက်။ ။ သည်ပြင်ကော ဆရာကြီး။

mgyoe.com

mgyoe.com

နုပ်။ ။ (၂)အချက်က တချို့လူတွေက ပြောကြတယ်။ ဗုဒ္ဓလက်ထက်တုန်းက ထွက်ချည်ဝင်ချည် ခုနစ်ကြိမ်တိုင်တိုင် ရဟန်းပြုတဲ့ လူတောင် ရှိသေးတယ်တဲ့ မောင်ရဲ့။

တိုး။ ။ ဟုတ်သားပဲ ဆရာကြီးရယ်။

နုပ်။ ။ ဒါက တစ်မျိုးပါ မောင်ရယ်။ ဘယ်နှကြိမ် ဝတ် ဝတ် သူ့မှာ မယားမှ မရှိဘဲကိုး။ ယခု ပြဿနာက လူထွက်ခြင်းနဲ့ မဆိုင်ဘူး။ မယား ရှိခြင်းနဲ့ ဆိုင်ပါတယ် မောင်။

တက်။ ။ သူ့မှာ မယား မရှိဘူးလို့ စာကဆိုသလား ဆရာကြီးရယ်။

နုပ်။ ။ တချို့နေရာများမှာ ဒေသနာ အတိအကျ မရှိပေမင့် ယုတ္တိကို ရှာကြည့်ရတယ် မောင်ရဲ့။ လင်ခန်း မယားခန်းမှာ အလွန်စည်းကမ်းကြီးတဲ့ ဟိန္ဒူမျိုးများအနက်မှာ မယားနဲ့ လူတစ်ယောက်က ရဟန်းဘောင်ကို ထွက်ချည်ဝင်ချည် (၇)ကြိမ်တိုင်တိုင် ပြုလုပ်တယ်ဆိုတာ စိတ်ကူးလို့တောင် မဖြစ်နိုင်ဘူး ဟုတ်လား မောင်တို့ရယ်။

တိုး။ ။ ပြီးတော့ကော ဆရာကြီး။

နုပ်။ ။ (၃) အချက်၊ ဂေါတမဗုဒ္ဓ၏ သာသနာတော်မှာ ရဟန်းများနဲ့ ပတ်သက်လို့(မေထုနသံဝါသခေါ်တဲ့) လိင်ပြဿနာဟာ အလွန်တရာ အရေးတကြီး သတ်မှတ်ထားတော်မူတယ် မောင်ရဲ့။ သေအရက် သောက်ခြင်းတို့၊ တိရစ္ဆာန်ကို သတ်ခြင်းတို့ဟာ ပါစိတ် အာပတ်လောက်ပဲ သတ်မှတ်တော်မူတယ်။ မာတုဂါမနဲ့ ပတ်သက်တဲ့ ကိစ္စမျိုးဆိုလျှင် ခြေလွန်လက်လွန်လောက်ဆိုပါက (ဒဏ်ထမ်းရတဲ့) သံဃာဒိသေသ် အာပတ်ကြီးမျိုး၊ ထိုထက် ထိထိရောက်ရောက် လွန်ကျူးလျှင် (ပါရာဇိက ခေါ်တဲ့) လူထွက်ပြီး ဘယ်တော့မှ နောင်တစ်ခါ ရဟန်းပြုခွင့် မရနိုင်တဲ့ အကြီးဆုံးသော အပြစ်ကြီး တစ်ခုအနေနဲ့ သတ်မှတ်တော်မူခဲ့တယ်။

တက်။ ။ သည်တော့ကော ဆရာကြီးရယ် ဘာဖြစ်သလဲခင်ဗျား။

mgyoe.com

mgyoe.com


နုပ်။ ။ သည်အချက် တစ်ခုတည်းကို ထောက်ခြင်းအားဖြင့် မယား တန်းလန်းရှိနေတဲ့ ယောကျာ်း တစ်ယောက်ကို ခဏတစ်ဖြုတ် အနေနဲ့ သာသနာတော် ဝင်ပြီး ရဟန်းပြုဖို့အတွက် ဘယ် နည်းနဲ့မှ ဗုဒ္ဓ ကိုယ်တော်မြတ် ခွင့်ပြုတော်မူလိမ့်မယ် မဟုတ်ဘူးလို့ ဆရာ ရဲရဲကြီး ဆိုဝံ့တယ် မောင်တို့။

တိုး။ ။ ဘယ်ဆရာတော်က ခွင့်ပြု ခွင့်ပြုလား ဆရာကြီးရယ်။

နုပ်။ ။ ဆရာတော်ကြီး မကလို့ သာသနာပိုင်က ခွင့်ပြုစေကာမူ၊ ဗုဒ္ဓသာသနာတော် စင်ကြယ်ရေးကို ထောက်ထားခြင်း အားဖြင့် ဆရာတစ်ယောက်တည်း ဖြစ်စေ ကန့်ကွက်ချင်တာပဲမောင်တို့။

တက်။ ။ သည့်ပြင်ကော ဆရာကြီး။

နုပ်။ ။ (၄) အချက်၊ ရဟန်းလောင်းသည် သိမ်ဝင်ပြီး ရဟန်း ပရိသတ်၏ စစ်ဆေးခြင်း ခံရာမှာ လူသားစစ်စစ် ဟုတ်ရဲ့ လား။ နူနာရောဂါရှိလား။ ကြွေးမြီတင်ရှိသလား။ ရာဇဝတ် ပြစ်မှုကျူးလွန်တာ ရှိသလား စသည်ဖြင့် မေးခွန်းပေါင်း အမြောက်အမြား စစ်ဆေးသော်လည်း မယားရှိသလားလို့ မမေးဘူးမောင်ရဲ့။ ဒါဘာကြောင့်လဲ မောင်တို့။

တိုး။ ။ အရေးမကြီးလို့လား ဆရာကြီးရယ်။

နုပ်။ ။ ဘယ် ဟုတ်လိမ့်မလဲ မောင်၊ လိင်ကိစ္စ ဘယ်လောက် အရေး ကြီး တယ်ဆိုတာ ဆရာ ရှင်းပြခဲ့ပြီ မဟုတ်လား။

တက်။ ။ ဘာ့ကြောင့်လဲ ဆရာကြီး။

နုပ်။ ။ ဗုဒ္ဓခေတ်က မယားနဲ့ အိမ်ထောင်သည်များ ရဟန်းပြုကြတဲ့ ထုံးစံ လုံးဝ မရှိလေတော့ မေးဖို့ မလိုဘူးဆိုပြီး ပုစ္ဆာပေါင်း သောင်းခြောက်ထောင်ထဲမှာ ထည့်မထားခြင်း ဖြစ်တယ်လို့ ဆရာ ယူဆတယ်။

တိုး။ ။ ယူဆထိုက်ပါတယ် ဆရာကြီး။ သည့်ပြင်ကော ခင်ဗျား။

mgyoe.com

mgyoe.com

နုပ်။ ။ (၅)အချက်၊ ညီတော်မင်းနန် လက်ထပ်မင်္ဂလာပွဲသို့ ဗုဒ္ဓ ကြွရောက်လာပြီး ညီတော်မင်းနန်ကို သပိတ်ထမ်းဖို့ ခေါ် သွားတယ် ဟုတ်လား။

တက်။ ။ ဟုတ်ကဲ့ဆရာကြီး။ ပြီးတော့ ပြန်မလွှတ်ဘူး။ ကျွန်တော်တို့ တော့ အသည်းနာလိုက်တာ ဆရာကြီး။

နုပ်။ ။ ဆရာလည်း ငယ်တုန်းက ကိုယ်ချင်းစာပြီး ရင်နာခဲ့ဖူးပါ တယ်။ သို့သော် ဗုဒ္ဓက ဘာကြောင့်သည်လိုလုပ်သလဲမောင်။

တက်။ ။ ရက်စက်လို့ပါ ဆရာကြီး။

နုပ်။ ။ ညီတော်မင်းနန် အဖို့မှာ ဇနပဒကလျာဏီနဲ့ လက်ထပ်ပြီး နောက်မှဆိုလျှင် သံသရာဝဋ်မှ ကျွတ်လွတ်ဖို့ ခဲယဉ်းတော့ မယ်လို့ မြင်တော်မူဟန်ရှိသည့်အတွက် လက်မထပ်မီ ခေါ်ထုတ် သွားတော်မူခြင်း ဖြစ်ရမယ်။ လိင်ကိစ္စဟာ ဘယ်လောက် နှောင်ဖွဲ့ သလဲဆို ကြည့်ပါတော့။

တက်။ ။ ခဏလောက် ထားခဲ့ပါဦးတော့ ဆရာကြီးရယ်။

နုပ်။ ။ ဗုဒ္ဓက "တောထွက်" အလိုတော် ရှိဟန်မတူဘူး။ ဒုလ္လဘ ဆိုတော့ ဝေးရော။

တိုး။ ။ ဟုတ်ပေ့ခင်ဗျာ။ သည့်အပြင်ကော ဆရာကြီး။

နုပ်။ ။ (၆)အချက် လူတွေ အထင်က ဒုလ္လဘရဟန်း ဝတ်လိုက် လျှင် လူတွေ ကြည်ညိုကြလိမ့်မယ် ထင်တယ်။ ဆရာမေး ချင်တယ်။

mgyoe.com

mgyoe.com


တက်။ ။ တယ်တွေးတတ်တဲ့ ဆရာကြီးပဲ။ နို့ဆရာကြီး ရဟန်းခံတုန်း ကကော ခင်ဗျာ။

နုပ်။ ။ ဆရာဝတ်တုန်းက ဒုလ္လဘရဟန်း မဟုတ်ပါဘူး။ အပြီး ဝတ်ခြင်းပါ။ ဒါတောင်မှ ရဟန်းခံတဲ့ အခါမှာ "ဒကာမကြီး" ကို မတွေ့ချင်လို့ တခြားရွာတစ်ရွာမှာ သွားပြီးဝတ်ခဲ့ပါတယ်။

တိုး။ ။ ဘာကြောင့်လဲ ဆရာကြီး။

နုပ်။ ။ ဒကာမကြီးကိုမြင်ရမှာ ရှက်တယ်မောင်ရေ။ ဒုလ္လဘရဟန်း ခံကြတဲ့ လူတွေဟာ သိမ်ကထွက်လာပြီး သူတို့ ဒကာမတွေ မျက်နှာကိုမြင်ရတာ မရှက်ကြဘူးလားလို့ မေးစမ်းချင်တယ် မောင်တို့ရယ်။

တိုး။ ။ သူတို့မှာတော့ တော်ကြာ ငါပြန်လာမှာပဲဆိုတဲ့ သဘောမျိုး ထားနိုင်ကြလို့ မရှက်ကြဘူး ထင်ပါရဲ့ ဆရာကြီးရယ်။

နုပ်။ ။ ဟား…ဟား… ဟုတ်လေမလား မဆိုနိုင်ဘူး မောင်။

တိုး။ ။ သူတို့ထဲက တချို့ဟာ သိမ်က ထွက်လာစတော့ ဣန္ဒြေ ကောင်းပြီး ကြည်ညိုဖွယ်ဆောင်သားပဲ ဆရာကြီး။

နုပ်။ ။ မောင်တို့ မကြည့်တတ်လို့ပါ။ သိက္ခာရှိပုံ ရပေမင့်၊ သူတို့ မျက်လုံးကြီးတွေက ပြူးလို့၊ လူတွေကို လူလိုကြည့်နေတာ ပါပဲ။ တကယ့် သံဃာတော် မျက်လုံးမျိုး မဟုတ်ပါဘူး ဟား… ဟား…။

တက်။ ။ ဆရာကြီးက သံဃာအကြောင်း တယ်သိပါလား ခင်ဗျား။

နုပ်။ ။ ဝိနည်းပညတ်တော်ကို အတန်ကြာကြီး လေ့လာပြီးမှ သိမ်ဝင်ခဲ့တဲ့ ရဟန်းမျိုးကိုး မောင်တို့ရဲ့၊ ရုံးကတန်းပြီး သိမ်ဝင်တဲ့ ရဟန်းမျိုးမှ မဟုတ်ဘဲမောင်။

တိုး။ ။ ဒုလ္လဘရဟန်းအကြောင်း ဘာများ ပြောစရာရှိသေးသလဲ ဆရာကြီး ဒါပဲလား။

mgyoe.com

mgyoe.com


နုပ်။ ။ (၇)အချက်၊ တခြား ဗုဒ္ဓဘာသာ တိုင်းပြည်တွေမှာ ဒုလ္လဘ ရဟန်းလို့ ကြားဖူးကြသလား မောင်။ သည်အချက်ဟာ လည်း အလွန်စဉ်းစားထိုက်တဲ့ အချက်ပါပဲ။ သူတို့ကတော့ ဒုလ္လဘရဟန်း အလုပ်ကို လျှောင်ကြပြောင်ကြလိမ့်မယ်လို့ ဆရာထင်ပါ တယ်။

တက်။ ။ ဟုတ်မှာပေါ့ ဆရာကြီး သည့်ပြင်ကော ခင်ဗျား။

နုပ်။ ။ ပြောစရာတွေတော့ ရှိပါသေးလား။ သို့သော် သည်လောက် ဆို တော်လောက်ပါပြီ။ သည်လောက် ဖွင့်ချထားတဲ့ အထဲမှ မယားကို ခဏထားခဲ့ပြီး သိမ်ထဲဝင် သိမ်ကအထွက် မှာ သက်ကြီး ရွယ်ရင့်များရဲ့ ရှိခိုးပူဇော်ခြင်း ခံရအောင် ဒုလ္လဘရဟန်း ပြုချင်သေးတဲ့ လူများရှိလျှင်လည်း လုပ်ကြစေပေါ့ မောင်တို့ရယ်။

❖

mgyoe.com

mgyoe.com

## ဆွေးနွေးခန်း (၆)
## သဘာဝနှင့်ပတ်သက်သည့် ခက်ဆစ်ခက်ရာများ (၈)

ကျွန်ုပ်။ ။ ရောက်လာကြပြီလားကွဲ့ မောင်တက်တို့။

တက်။ ။ လာကြပြီ ဆရာကြီး ဟိုတစ်နေ့က ဆရာကြီး ပြောလိုက်တဲ့ ရုပ်သတ္တိနဲ့ စိတ်သတ္တိအကြောင်းကို ထပ်ပြီး ဦးကာ ဖွင့်စမ်း ပါဦး ခင်ဗျား။ ကျွန်တော်တို့ ကောင်းကောင်း မရှင်းသေးဘူး

ဆရာကြီး။

နုပ်။ ။ ရုပ်နဲ့ ပတ်သက်တဲ့ သတ္တိကို သူရသတ္တိလို့ ခေါ်လျှင် စိတ်နဲ့ ပတ်သက်တဲ့ သတ္တိ သို့မဟုတ် နှလုံးရည်နှင့် ပတ်သက်တဲ့ အရည်အချင်းကို ဗျတ္တိလို့ ဆရာ ခေါ်ချင်တယ်။

တိုး။ ။ သည်အသုံးအနှုန်းဟာ စာမှာ ရှိသလား ဆရာကြီး။

နုပ်။ ။ ဗျတ္တိဆိုတဲ့ စကားလုံးကတော့ ရှိပါတယ်။ သို့သော် ဆရာ ယူချင်တဲ့ အဓိပ္ပာယ်နှင့် တူလေမလားတော့ မပြောတတ်ဘူး။ အနောက်တိုင်းသားများက သည်သဘောကို အသားပေးကြ

လေတော့ ဆရာက ဗျတ္တိလို့ပဲ မှည့်ခေါ်ချင်တယ်။

mgyoe.com

mgyoe.com

တက်။ ။ သတ္တိနှင့် ဗျတ္တိ ခြားနားပုံကို ရှင်းပြပါဦး ဆရာကြီး။

နုပ်။ ။ သတ္တိဆိုတဲ့ သဘောမျိုးကတော့ လူများမှာသာမက တိရစ္ဆာန်များမှာပါ ရှိနိုင်တယ် မောင်တို့။ ဗျတ္တိ ဆိုတာကတော့ လူများမှာသာ ရှိနိုင်တယ် မောင်တို့။

တိုး။ ။ ရှင်းပါဦး ခင်ဗျား။

နုပ်။ ။ တိရစ္ဆာန်ထဲမှာ ကျားတို့ ခြင်္သေ့တို့ဆိုတဲ့ အမျိုးဟာ သတ္တိကောင်းတယ်။ ရဲဝံ့တယ်လို့ ဆိုကြတယ်။ ဒါက အထူးအဆန်း မဟုတ်ပါဘူး။ နိုင်မည်လို့ သိပြီးသား တိရစ္ဆာန်ငယ်များ အပေါ်မှာ ကိုက်သတ်ဝံ့ခြင်းပါ။ ဆရာချီးမွမ်းချင်တဲ့ သတ္တိမျိုး ရှိသေးတယ် မောင်တို့ရဲ့။

တက်။ ။ ဘယ်သင်းလဲ ဆရာကြီး။

နုပ်။ ။ ဆရာဖတ်လည်း ဖတ်ဖူးတယ်။ ကြားလည်း ကြားဖူးတယ်။ တချို့ တိရစ္ဆာန်မိခင်များသည် မိမိ၏သားသမီးကို ကာကွယ်ရန်အတွက် မိမိ မနိုင်လောက်သည့် တိရစ္ဆာန်ကြီးများကို ခုခံလိုက်ပြီး အသက် ဆုံးရှုံးခံကြဖူးတယ်။ တောရွာများမှာ သားငယ် သမီးငယ်များအတွက် ကျားသစ်ကို ခံတိုက်တဲ့ ခွေးသားအုပ်မကြီးမျိုး ရှိတတ်တယ်။ တစ်ခါတစ်ရံ ကျားသစ် ထွက်ပြေးရတယ်။ အများအားဖြင့်တော့ ခွေးသားအုပ်မကြီး သေရှာရတာပါပဲ။ ဒီသတ္တိမျိုးကို ဆရာ ချီးကျူး မဆုံးပဲ မောင်တို့ရေ။

တိုး။ ။ ဒါကတော့ တဒင်္ဂသတ္တိ ခေါ်ရမှာပေါ့ ဆရာကြီးနော်။ ကျား၊ ခြင်္သေ့တို့ သတ္တိမျိုး မဟုတ်ပေဘူးပေါ့ ခင်ဗျား။

နုပ်။ ။ ဒီသတ္တိမျိုးဟာ လူများမှာလည်း ရှိနိုင်တယ်။ တိရစ္ဆာန်များမှာလည်း ရှိနိုင်တယ်။ အချုပ်ကတော့ ဘေးအန္တရာယ်ကို ရင်ဆိုင်ဝံ့တဲ့ စွမ်းပကားမျိုးပေါ့ မောင်။

တက်။ ။ ဟုတ်ကဲ့ဆရာကြီး။ နို့ ဗျတ္တိဆိုတာမျိုးကကော ဆရာကြီး။

mgyoe.com

mgyoe.com


နုပ်။ ။ ဒါမျိုးက တိရစ္ဆာန်များနဲ့ မဆိုင်ဘူး။ လူသားသက်သက်နဲ့ ဆိုင်တယ်။ စဉ်းစားဉာဏ်နှင့် ခံနိုင်ရည်နဲ့ တွဲဖက်နေတဲ့ အရည်အချင်းကို မောင်။

တိုး။ ။ တွဲဖက်ပုံ ပြောပါဦး ဆရာကြီး။

နုပ်။ ။ သူ ခံနိုင်ရည်က တစ်မျိုးပဲ မောင်ရေ။ လူအများက ဝိုင်းဝန်း ကဲ့ရဲ့ကြလိမ့်မယ်လို့ပင် သိငြားသော်လည်း မှန်လည်းမှန်စေ၊ လူအများလည်း အကျိုးရှိစေမည်ဟု မိမိကိုယ်တိုင် တပ်အပ် သေချာ သိထားတဲ့ ကိစ္စတစ်ခုကို ပြောရဲ၊ ရေးရဲ၊ လုပ်ရဲတဲ့ သတ္တိမျိုးကို ခေါ်တယ် မောင်ရေ့။

တက်။ ။ လူအများက မှားပြီး သူတစ်ယောက်တည်း မှန်တယ်လို့ ဖြစ်နိုင်ပါ့မလား ဆရာကြီးရယ်။

နုပ်။ ။ ခဏခဏတော့ မဟုတ်ပါဘူး။ တစ်ခါတစ်ရံ ဖြစ်နိုင်တယ်။

တိုး။ ။ ဆရာကြီးမှာ သည်လို အရည်အချင်း ရှိသလားခင်ဗျာ။

နုပ်။ ။ ဆရာက အသေးအဖွဲ့ပါ။ လူ့သမိုင်းနှင့် ချိပြီး တင်ပြရလျှင် ခရုရှော့ဟာ ၎င်းဗျတ္တိမျိုး ရှိတဲ့လူတစ်ယောက် မောင်ရေ့။

တက်။ ။ ဘယ်လိုလဲ ဆရာကြီး။

နုပ်။ ။ ကာရပ်ဗီယန် ပင်လယ်မှာ အမေရိကန် သင်္ဘောများနဲ့ ရင်မဆိုင်ဘဲ ရုရှားသင်္ဘောတွေကို လမ်းပြောင်းဖို့ အမိန့် ပေးလိုက်စဉ်က ခရုရှော့သည် မိမိ သေရမည်ကို ကြောက် သည့်အတွက် လမ်းပြောင်းပေးခြင်း မဟုတ်နိုင်ဘူး မောင်ရဲ့။ သည်ပုဂ္ဂိုလ်ဟာ မိုက်သွေးနေရာမှာ ဘယ်သူ့နောက်ကမှ လိုက်မည့်သူ တစ်ယောက် မဟုတ် ဘူးလို့ ယူဆထိုက်ပါတယ်။

တိုး။ ။ နို့ဘာကြောင့်လဲ ဆရာကြီး။

နုပ်။ ။ ဖွတ်လုပ်လိုက်လျှင် ကမ္ဘာစစ်ကြီး မဖြစ်တောင် ယုတ်စွအဆုံး ရုရှားနဲ့ အမေရိကန်တော့ တိုက်ရတော့မယ်။ နှစ်ပြည်ထောင်

mgyoe.com